# မြန်မာနိုင်ငံလုံးဆိုင်ရာ "ဥပဒေအထောက်အကူပြုသူများ ကွန်ရက် " ပွဲဦးထွက်ကာလအကြောင်း အစီရင်ခံစာ

ဥပဒေအထောက်အကူပြုသူများကွန်ရက်၏ အစီရင်ခံစာအဖြစ် ရက် (၁၀၀) လုပ်ငန်းစဉ်များအပါအဝင် ကွန်ရက်နှင့်ပတ်သက်သည့် ပင်မအကြောင်းအရာများကို အခန်း(၁၀)ခန်းဖြင့် ဤစာတမ်းတွင် ရေးသားဖော်ပြထားပါသည်။ လုပ်ငန်းအဖွဲ့အသီးသီးမှ ၎င်းတို့၏လုပ်ငန်းအဖွဲ့အလိုက် အကြောင်းအရာများကို ရေးသားပြုစုခဲ့ကြပြီး ပုံနှိပ်ဖော်ပြနိုင်ရေးအတွက် လိုအပ်သည်များကို Namati အဖွဲ့မှ တည်းဖြတ်ပေးထားခြင်းဖြစ်ပါသည်။

**အခန်း ၁ - ဥပဒေအထောက်အကူပြုသူများကွန်ရက် မည်သည့်အတွက်ကြောင့် ဖော်ဆောင်ခဲ့ရသနည်း။ ဥပဒေအထောက်အကူပြုသူများအား မည်သည့်အတွက်ကြောင့် လိုအပ်ရသနည်း။**

***၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် Tetra Tech နှင့် Namati အဖွဲ့တို့ ပူးပေါင်းကောက်ယူခဲ့ကြသည့် စစ်တမ်း အပေါ်အခြေခံ၍ ဥပဒေအထောက်အကူပြုကွန်ရက်အကြောင်း စိတ်ကူးများပေါ်ပေါက်လာခဲ့သည့် နောက်ခံရာဇဝင်များကို ဤအခန်းတွင် ထည့်သွင်းရေးသားထားပါသည်။ ထို့အပြင် ဥပဒေအထောက် အကူပြုသူဆိုသော အယူအဆများနောက်ကွယ်ရှိ အခြေခံစည်းမျဉ်းစည်းကမ်းများကိုလည်း ထည့်သွင်း ဖော်ပြပေးထားပါသည်။***

ဥပဒေအထောက်အကူပြုသူများသည် တရားမျှတမှုများ ခိုင်မာဖြစ်ထွန်းလာရေးအတွက် နည်းဗျူဟာ အမျိုးမျိုး အသုံးပြုလျှက်ရှိကြပြီး ၎င်းတို့၏အားသာချက်များမှာ အမှုသည်များနှင့် ဒေသခံလူထုတို့ကို ဥပဒေဆိုင်ရာ အသိအမြင်ဖွင့်ပေးခြင်း၊ မြောက်များစွာသော ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများသို့ ဝင်ထွက်သွားလာနိုင်ရေးအတွက် အမှုသည်များအား လမ်းညွှန်ပေးခြင်းတို့မှ တစ်ဆင့် ဥပဒေရေးရာစွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ကြခြင်းပင်ဖြစ်သည်။ အမှုသည်တစ်ဦး ချင်းအတွက်ကိုသာမက ၎င်းတို့ဝန်ဆောင်မှုပေးနေသည့် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်ကိုပါ အဖြေ

ရှာပေးနိုင်ကြသူများလည်းဖြစ်သည်။ ထို့အပြင် အမှုသည်များအတွက်ကိုလည်း ဥပဒေလမ်းကြောင်းဆိုင်ရာ ဖြေရှင်းနည်းများအတွက်ကိုသာ အကြံပြုလမ်းညွှန်ပေးခြင်းမျိုးမဟုတ်ဘဲ ကုစားနည်းများ၊ အငြင်းပွားမှုများအား စေ့စပ်ဖြန်ဖြေခြင်း၊ စုပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ စည်းရုံးတောင်းဆိုမှုများ အစရှိသည်ဖြင့် အခြားသောဖြေရှင်းနည်းများကိုလည်းလမ်းညွှန်ပေးနိုင်ကြသည်။

မြန်မာနိုင်ငံတွင် "ဥပဒေအထောက်အကူပြုသူများကွန်ရက်" ဖွဲ့စည်းထူထောင်ရန်လိုအပ်ခြင်းရှိမရှိနှင့် ရှိပါကလည်း ဖွဲ့စည်းလိုသောဆန္ဒရှိမရှိတို့ကို Tetra Tech နှင့် Namati အဖွဲ့တို့က ၂၀၁၅ ခုနှစ် စက်တင်ဘာမှ အောက်တိုဘာလအတွင်းတွင် စစ်တမ်းတစ်ခု ပြုစုလေ့လာခဲ့ကြသည်။ ဖယ်ကြဉ်ခံထားရသူများအတွက် ဥပဒေရေးရာဝန်ဆောင်မှုများ ရောက်ရှိအသုံးပြုနိုင်ရေးအတွက် ရပ်ရွာအတွင်း ဥပဒေရေးရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် တရားမျှတမှုအား လက်လှမ်းမီရေးတို့ကို ပါဝင်ဆောင်ရွက်နေကြသော ဥပဒေအထောက်အကူပြုသူများ၊ ဥပဒေအထောက်အကူပြု အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများကို ပူးပေါင်းအဖွဲ့က တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ခဲ့ကြသည်။ ကနဦးအနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသ၊ ကရင်ပြည်နယ်၊ ရန်ကုန်နှင့် မော်လမြိုင်တို့မှ ဥပဒေအထောက်အကူပြုသူများ၊ ဥပဒေအထောက်အကူပေးနေသည့် အဖွဲ့အစည်းများအပြင် ဥပဒေရေးရာ ကူညီထောက်ပံ့မှုလုပ်ငန်းများအား ဘဏ္ဍာငွေပံ့ပိုးပေးလျှက်ရှိပြီး ရပ်ရွာလူထုအား ဥပဒေရေးရာစွမ်းဆောင်ရည်မြှင့်တင်ပေးရေးလုပ်ငန်းများကို စိတ်ပါဝင်စားသည့် အလှူရှင်များအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဥပဒေအထောက်အကူပေးရေးလုပ်ငန်းများတွင် ရင်ဆိုင်ရလေ့ရှိသည့် စိန်ခေါ်မှုများ၊ လိုအပ်ချက်များနှင့်ပတ်သက်၍ လွှမ်းခြုံလေ့လာမှုမှတစ်ဆင့် လေ့လာမှတ်သားခဲ့ရသည့်အချက်များမှာ -

- ဥပဒေအထောက်အကူပြုသူများအနေဖြင့် ရပ်ရွာလူထုနှင့် အစိုးရအာဏာပိုင်များအား မိမိကိုယ်ကို မိတ်ဆက်ခြင်းအတွက် အဓိပ္ပါယ်စံသတ်မှတ်ချက် သို့မဟုတ် စံထားရမည့် နည်းလမ်း
- ဥပဒေအထောက်အကူပြုသူများ၏ လုံခြုံရေး (၎င်းတို့အတွက် ဥပဒေကြောင်းအရ အကာအကွယ်ပေးထားခြင်း မရှိသေးပေ)
- ဥပဒေအထောက်အကူပြုသူများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏ရပိုင်ခွင့်များကို အစိုးရအာဏာပိုင်များနှင့် ရပ်ရွာလူထုတို့မှ အသိအမှတ်မပြုခြင်း
- သတင်းအချက်အလက်/အမှုတွဲစီမံခန့်ခွဲမှုနည်းစနစ်များနှင့် အလေ့အထများ မျှဝေမှုနည်းပါးနေခြင်း

- ဥပဒေအထောက်အကူပြုသူများအကြား ချိတ်ဆက်မှုနှင့် ကွန်ရက်ဖွဲ့စည်းမှုမရှိခြင်း
- ဥပဒေအထောက်အကူပြုသူများအတွက် ၎င်းတို့၏လုပ်ငန်းကျွမ်းကျင်မှုများအတွက် ဥပဒေပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့ လိုအပ်နေ

ပုံမှန်အားဖြင့် ဥပဒေအထောက်အကူပြုသူများ (ရှေ့နေမဟုတ်သော်လည်း ဥပဒေရေးရာလုပ်ငန်းများ လုပ်ဆောင်နေကြသူများ) ဟု သိရှိထားကြသော်လည်း အချို့ကမူ ရပ်ရွာအခြေပြု ဥပဒေ အထောက်အကူပြုသူများ၊ ဌာနအခြေပြု ဥပဒေအထောက်အကူပြုသူများ၊ ရွှေ့လျား ဥပဒေအထောက်အကူပြုသူများ သို့မဟုတ် လူမှုရေးရာရှေ့နေများဟုလည်း ခေါ်ဝေါ်တတ်ကြကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ ဥပဒေအထောက်အကူပြုသူအချို့မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အချိန်ပြည့်ဝန်ထမ်းများဖြစ်ပြီး ဥပဒေဆိုင်ရာ အခြေခံဗဟုသုတအပြင် စေ့စပ်ဖြန်ဖြေခြင်း၊ အမှုတွဲစီမံခန့်ခွဲခြင်း၊ ပညာပေးခြင်းနှင့် စည်းရုံးတောင်းဆိုမှု စသည့်စွမ်းရည်များအတွက်ကိုလည်း လေ့ကျင့်သင်ယူထားကြသူများဖြစ်သည်။ အချို့ကမူ ဥပဒေရေးရာ သင်တန်းအနည်းငယ်ကိုသာ တက်ရောက်ဖူးကြပြီး ၎င်းတို့အား ကြီးကြပ်လမ်းညွှန်ပေးမည့်သူများ မရှိကြသော်ငြား စေတနာ့ဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြသူများသာ ဖြစ်သည်။

ဥပဒေအထောက်အကူပြုသူအများစုသည် တရားမျှတမှုဆိုင်ရာ ပြဿနာအမျိုးမျိုးအား ဖြေရှင်းပေးနိုင်ရေးအတွက် ဘက်ပေါင်းစုံချဉ်းကပ်ဖြေရှင်းမှုနည်းလမ်းကို အသုံးပြုတတ်ကြပြီး အချို့ ကမူ ကျား/မအခြေပြုအကြမ်းဖက်မှု (GBV)၊ မြေယာအခွင့်အရေးအစရှိသည်ဖြင့် ပြဿနာအမျိုးအစား တစ်ခုတည်းအတွက်ကိုသာ လိုက်ပါဖြေရှင်းပေးတတ်ကြသည်။ ဥပဒေအထောက်အကူပြုဟူသော အယူအဆသည် မြန်မာနိုင်ငံအတွက် စနစ်အသစ်တစ်ခုဖြစ်ပြီး အများပြည်သူ၊ အစိုးရတို့နှင့်လည်း ရင်းနှီးကျွမ်းဝင်မှုမရှိသေးသည့် ဘာသာရပ်တစ်ခုလည်းဖြစ်သည်။ သို့ရာတွင် ရပ်ရွာလူထုအနေဖြင့် မိမိတို့၏ရပိုင်ခွင့်များကို သိမြင်လာရေးနှင့် တရားဝင်ခံစားထိုက်သည့်အခွင့်အရေးများ ရယူနိုင်ရေး၊ ရပ်ရွာအတွင်း ပေါ်ပေါက်လာသည့် အမှုအခင်းများအတွက် တရားမျှတမှုဖော်ဆောင်နိုင်ရန် ဥပဒေများကို ၎င်းတို့ကိုယ်တိုင် အသုံးပြုနိုင်ရေးတို့အတွက် ရပ်ရွာလူထုအား ပညာပေးခြင်းဆိုသော ဂိသေသလက္ခဏာကမူ အားလုံးတွင် ပါဝင်နေကြောင်းကို စစ်တမ်းကောက်ယူစဉ်အတွင်း လေ့လာသိရှိခဲ့ရပါသည်။

လွှမ်းခြုံလေ့လာမှုစစ်တမ်းအရ တွေ့ရှိချက်များနှင့် ဥပဒေအထောက်အကူပြုသူများ၏ လိုအပ်ချက်တို့အပေါ်တွင်အခြေခံ၍ ဤ (၈) လ စီမံကိန်းအား ရေးဆွဲအကောင်အထည်ဖော်ခဲ့ခြင်းပင်ဖြစ်သည်။ “မြန်မာနိုင်ငံလုံးဆိုင်ရာ ဥပဒေအထောက်အကူပြုသူများကွန်ရက်” ပေါ်ပေါက်လာရေးကို Namati မှ ဦးဆောင်ပံ့ပိုးခဲ့သော်လည်း ဤစီမံကိန်း၏ အန္တိမရည်မှန်းချက်မှာ ရေရှည်တည်တံ့ပြီး ပြည်တွင်းအဖွဲ့အစည်းများကသာ ပိုင်ဆိုင်စီမံသော နိုင်ငံလုံးဆိုင်ရာ ဥပဒေအထောက်အကူပြုသူများကွန်ရက်အဖြစ်ပေါ်ပေါက်လာရေးပင်ဖြစ်သည်။ မျှော်မှန်းရလဒ်များမှာ မတရားမှုများအား တုန့်ပြန်ဖြေရှင်းရာတွင်ချိတ်ဆက်ဆောင်ရွက်မှုများ တိုးတက်ပီပြင်လာခြင်း၊ တစ်ဦးချင်း၏လုပ်ငန်းကျွမ်းကျင်မှုများ ကောင်းမွန်လာခြင်း၊ ရှေ့နေများနှင့် အခြားသော ဥပဒေအထောက်အကူပြု ကျွမ်းကျင်ပညာရှင်များနှင့် ကွန်ရက်ချိတ်ဆက်မှုအားကောင်းလာခြင်းတို့ကြောင့် စွမ်းရည်ပြည့်ဝလာမည့် ကွန်ရက်အဖွဲ့ဝင်များမှတစ်ဆင့်ဒေသခံလူထုများအတွက် အကျိုးဖြစ်ထွန်းမှုများ ရရှိပိုင်ဆိုင်လာစေရေးပင်ဖြစ်သည်။ ဥပဒေအထောက်အကူပြုသူများအနေဖြင့်လည်း ဖယ်ကြဉ်ခံထားရသည့် လူ့အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများအားဆက်လက်ကူညီပေးနိုင်ရေး၊ တရားမမျှတမှုများအား တိုက်ဖျက်ရာတွင် ဥပဒေအထောက်အကူပြုသူများအကြား စုပေါင်းချိတ်ဆက်နိုင်ရေးတို့ကို ဤကွန်ရက်မှ ပံ့ပိုးအားဖြည့်ပေးသွားပါမည်။ အချုပ်အားဖြင့် ဆိုရလျှင် ယခုစီမံကိန်းသည်မြန်မာနိုင်ငံတွင် တရားမျှတမှုများ ခိုင်မာအားကောင်းလာစေရေး အတွက် နိုင်ငံတစ်ဝှမ်းလုံးရှိ ဥပဒေအထောက်အကူပြုသူများအကြားကွန်ရက်ချိတ်ဆက် မှုများ တိုးတက်ခိုင်မာ လာစေရေးကို ဦးတည်ကြိုးပမ်းလျှက်ရှိပါသည်။

**အခန်း ၂ - ဥပဒေအထောက်အကူပြုသူများ ရင်ဆိုင်ရလေ့ရှိသည့် စိန်ခေါ်မှုများ**


Figure 1: Paralegals identify common challenges during a Networking Event in Sagaing Region

***နှစ်ရက်ကြာကျင်းပခဲ့သည့် ဒေသတွင်းအဆင့် ကွန်ရက်ချိတ်ဆက်ပွဲများတွင် လေ့လာတွေ့ရှိချက်များနှင့် မည်သည့် လုပ်ငန်းနယ်ပယ်တွင်မဆို ဥပဒေအထောက်အကူပြုသူအားလုံး ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပေါ်အခြေခံ၍ ဤကဏ္ဍအား ပြုစု ရေးသားထားပါသည်။***

ဘားအံ၊ မြစ်ကြီးနား၊ လားရှိုးနှင့် မကွေးတို့တွင် အဆိုပါနယ်မြေများရှိကွန်ရက်အဖွဲ့ဝင်များနှင့် ချိတ်ဆက်

နိုင်ရေးအတွက် **နှစ်ရက်ကြာကျင်းပသည့် ဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲများကို** ၂၀၁၆ ခုနှစ် ဩဂုတ်လမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း စီစဉ်ကျင်းပပေးခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲလေးခုသည် ဥပဒေအထောက်အကူပြုလုပ်ငန်းစဉ်များ တိုးတက်လာရေးအတွက်ကိုသာမက ဥပဒေအထောက်အကူပြုသူများ လက်တွေ့မြေပြင်တွင် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည့် ဘုံစိန်ခေါ်မှုများအားဖော်ထုတ်နိုင်ရေးအတွက်ကိုလည်း ရည်ရွယ်ခဲ့ပါသည်။ ထို့အပြင် ကွန်ရက်အဖွဲ့၏လိုအပ်ချက်များအားပိုင်းဂန်းဖြည့်ဆည်းပေးနိုင်ရေး၊ အခြားသော ဥပဒေရေးရာကျွမ်းကျင်သူများနှင့် ရှေ့နေများထံမှ အကြံပြုချက်များ လက်ခံရရှိနိုင်ရေးအတွက်တို့ကိုလည်း ရည်ရွယ်ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများ၌ တက်ရောက်ခဲ့ကြသူအများစုမှာ ကျားမရေးရာတန်းတူညီမျှမှု၊ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကိစ္စရပ်များနှင့် LGBT အခွင့်အရေးလှုပ်ရှားမှုများ စသည့်နယ်ပယ်များတွင် ဥပဒေဆိုင်ရာ အထောက်အကူများ ပံ့ပိုးနေသည့်၊ ဥပဒေအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေကြသည့် CSO များ၊ ဥပဒေအထောက်အကူပြုသူများနှင့် ရှေ့နေများဖြစ်ကြသည်။

ဥပဒေအထောက်အကူပြုသူများအနေဖြင့် ရင်ဆိုင်ရလေ့ရှိသည့် ဘုံစိန်ခေါ်မှုငါးချက်ကို အလုပ်ရုံဆွေးနွေးပွဲများတွင် ဖော်ထုတ်သတ်မှတ်နိုင်ခဲ့ကြသည်။ ပထမဦးဆုံးနှင့် အများဆုံးတွေ့ကြုံရလေ့ရှိသည့် စိန်ခေါ်မှုမှာ အစိုးရနှင့် ဒေသခံလူထုများကပါ **"ဥပဒေအထောက်အကူပြုသူများအား အသိအမှတ်မပြုမှု"**ပင်ဖြစ်သည်။ မိမိတို့ဝန်ဆောင်မှုပေးနေသည့်ရပ်ရွာလူထုကိုယ်၌ကပင် ဥပဒေအထောက်အကူပြုသူများ၏ အခန်းကဏ္ဍနှင့် အခွင့်အရေးများကို အသိအမှတ်ပြုမှုနည်းပါးနေသကဲ့သို့ အစိုးရဌာနများနှင့် ထိတွေ့ဆက်ဆံရာတွင်လည်း ဥပဒေအထောက်အကူပြုသူများသည် မည်သို့သောပုဂ္ဂိုလ်ဖြစ်သည်ကို မကြာခဏမေးမြန်းခံရလေ့ရှိသည်။ အသိအမှတ်ပြုခံရရေးပြဿနာအတွက်ကို ကွန်ရက်အနေဖြင့် ဖြေရှင်းပေးနိုင်မည့်နည်းလမ်းများကိုလည်း ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြသည်။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေနှင့်ချိတ်ဆက်၍ ဥပဒေအထောက်အကူပြုသူတစ်ဦးတွင် ရှိထားရမည့်စံသတ်မှတ်ချက်များဖော်ထုတ်သတ်မှတ်ခြင်းသည်လည်း နည်းလမ်းတစ်ခုအဖြစ်ပါဝင်ခဲ့သည်။

ဒုတိယအချက် အနေဖြင့်မှု ဥပဒေအထောက် အကူပြုသူတစ်ဦး အနေဖြင့် ကျွမ်းကျင် ပညာရှင်တစ်ဦးအဖြစ် ရပ်တည်နိုင်ရေးအတွက် **လိုအပ်သော ကျွမ်းကျင်မှုစွမ်းရည်များနှင့် ဥပဒေဆိုင်ရာဗဟုသုတများ**ပင် ဖြစ်သည်။ ပုံမှန်အားဖြင့်ဆိုရလျှင် အကျိုးအမြတ်မယူသည့် လူမှုအဖွဲ့အစည်းများနှင့်ဆက်စပ်နေသော ဥပဒေအထောက်အကူပြုသူများသာလျှင် ၎င်းတို့၏ကျွမ်းကျင်မှုစွမ်းရည်

မြင့်မားလာရေးအတွက်ကို သင်တန်းများတက်ရောက်ခွင့်နှင့် နည်းပညာပိုင်းပံ့ပိုးမှုများ ရရှိတတ်ကြသည်။ ထိုနည်းတူစွာပင် ကွန်ရက်လုပ်ငန်းစဉ်များ ထိရောက်မြန်ဆန်စေရေးအတွက်ဆိုပါက **ဘဏ္ဍာငွေရရှိမှု**သည်လည်း အရေး ပါသည့် အကြောင်းတရား တစ်ခုပင်ဖြစ်ကြောင်းကို ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ကြသည်။ အလှူရှင်များ ထံမှ ရန်ပုံငွေလျှောက်ထား ရယူရေးအတွက် ချဉ်းကပ်နည်းလမ်းများ၊ အဆိုပါရန်ပုံငွေများအား စီမံခန့်ခွဲ ရေးနှင့် အမျိုးမျိုးသော ရန်ပုံငွေရှာဖွေရေးနည်းလမ်းများ အစရှိသည်ဖြင့် **ကွန်ရက် ရေရှည်တည်တံ့ရေး** ကိစ္စရပ်များကိုလည်း ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ကြပါသည်။ နောက်ဆုံးအနေဖြင့် ဆက်လက်ဆွေးနွေး ခဲ့ကြသည့် ပင်မလုပ်ငန်းနယ်ပယ်တစ်ရပ်မှာ **ဆက်သွယ်ပြန်ကြားရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေး** လုပ်ငန်းများ အကြောင်းပင် ဖြစ်သည်။ ကွန်ရက်အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကွန်ရက် ချိတ်ဆက်မှု ခိုင်မာအားကောင်းလာစေရေးအတွက် စီမံကိန်းရေးဆွဲခြင်း၊ ဗျူဟာချမှတ်ခြင်းနှင့် ပြန်ကြား ဆက်သွယ်ရေး လမ်းကြောင်းများ သတ်မှတ်ခြင်းတို့ကိုလည်း စုပေါင်းဆွေးနွေးနိုင်ခဲ့ကြသည်။

## အခန်း ၃ - ဆောင်ရွက်ခဲ့ပြီးသည့်လုပ်ငန်းစဉ်များနှင့် တိုးတက်မှုများ

***စီမံကိန်း၏ လက်ရှိတိုးတက်မှုများနှင့် ဆောင်ရွက်ခဲ့ပြီး သည့် လုပ်ငန်းစဉ်များအကြောင်းကို ဤကဏ္ဍတွင် အကျဉ်းချုပ် ဖော်ပြပေးထားပါသည်။ နောက်ပိုင်းအခန်းများတွင် အသေးစိတ် ဖော်ပြဦးမည့် ရေတိုရလဒ် များအကြောင်းကို ဤကဏ္ဍတွင် အကျဉ်းချုပ် မိတ်ဆက် အဖြစ်သာ ဖော်ပြပေးခြင်းဖြစ်ပါသည်။***



Figure 2 In Hpa'an, paralegals ask questions about Myanmar's Legal Aid Law

Namati မှ ဦးဆောင်စီစဉ်ခဲ့သည့် **ဒီဇိုင်းရေးဆွဲမှုဆိုင်ရာ ၄ ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲ**တွင် နိုင်ငံ တစ်ဝှမ်းလုံးမှ ဥပဒေအထောက်အကူပြုသူများ၊ ရှေ့နေများနှင့် ဥပဒေအထောက်အကူပြုမှု ပံ့ပိုး ပေးလျှက်ရှိသည့် အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။ မြေယာအခွင့်အရေး၊ ရာဇဝတ်မှုခင်းများ ဆိုင်ရာတရားမျှတမှု၊ ကျား/မခွင့်တူညီမျှမှု၊ LGB၊ နိုင်ငံသားဖြစ်တည်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု အစရှိသည်ဖြင့် မိမိတို့နှင့်သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များနှင့်ဆက်စပ်၍ လုပ်ငန်း အတွေ့အကြုံများနှင့် စိတ်ကူးစိတ်သန်းများကို ဆွေးနွေးဖလှယ်နိုင်ခဲ့ကြသည်။ ကွန်ရက်ဖွဲ့စည်းရေးနှင့်

ဥပဒေအထောက်အကူပြုမှုလုပ်ငန်းဆိုင်ရာ အခြေခံအယူအဆများကို အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မိတ်ဆက်တင်ပြပေးနိုင်ခဲ့သည့်အပြင် လွှမ်းခြုံမေးခွန်းများနှင့် စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်အတွင်း ဖော်ထုတ်တွေ့ရှိခဲ့သည့် ဘုံစိန်ခေါ်မှုများကိုလည်း ဝေမျှပေးနိုင်ခဲ့သည်။

ဥပဒေအထောက်အကူပြု လုပ်ငန်းနှင့်ဆက်စပ်နေ သည့်ဥပဒေများ၊ မြန်မာနိုင်ငံတွင် ဥပဒေအထောက်အကူပြုသူတစ်ဦးအနေဖြင့် ရပ်တည်နိုင်မည့်အခွင့်အလမ်းများအတွက် အများစု၏ရှုမြင်သုံးသပ်ချက်များအပြင် ဥပဒေအထောက် အကူပြုလုပ်ငန်းနယ်ပယ်အတွင်းမှ လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းစဉ်များကိုလည်း ဆွေးနွေး နိုင်ခဲ့ကြပါသည်။ ထို့အပြင် လုပ်ငန်းအဖွဲ့လေးဖွဲ့ (လုပ်ငန်းကျွမ်းကျင်မှု ဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး၊ ဥပဒေအထောက်အကူပြုသူများအတွက် အသိအမှတ်ပြုမှုလက်ခံရရှိရေး၊ ဆက်သွယ်ပြန်ကြားမှုနှင့် ကွန်ရက်ချိတ်ဆက်ရေး၊ ကွန်ရက်အဖွဲ့ကြီးအတွက် ရန်ပုံငွေရရှိရေး) ဖွဲ့စည်းထားရေးကိုလည်း ဆွေးနွေး ဖော်ထုတ်ခဲ့ကြပြီး လုပ်ငန်းအဖွဲ့တစ်ခုချင်းအတွက် စည်းကမ်းသတ်မှတ်ချက်များ၊ ရည်မှန်းချက် ပန်းတိုင်များ၊ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းစဉ်များကိုလည်း အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှာပင် ဆွေးနွေး အတည်ပြုခဲ့ကြသည်။ ကွန်ရက်ကြီးတစ်ခုတည်ဆောက်ရာတွင် အမှန်တစ်ကယ်ဖော်ဆောင်ရမည့်လုပ်ငန်းစဉ်များအတွက် ကွန်ရက်အဖွဲ့ဝင်အားလုံးကို ဤလုပ်ငန်းအဖွဲ့များမှ ဦးဆောင်သွားမည် ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းစဉ်များအပြီးတွင် Namati သည် **ရက် (၁၀၀) စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ** တစ်ခုကို မန္တလေးမြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသေးသည်။ ထိုဆွေးနွေးပွဲတွင် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၊ လုပ်ငန်းအဖွဲ့တစ်ခုချင်း၏ လုပ်ငန်းပြီးစီးမှုအခြေအနေများအပြန်အလှန်တင်ပြခြင်း၊ ရက်(၁၀၀)စီမံကိန်း ဖော်ဆောင်နိုင်ရေးအတွက် ခန့်မှန်းဘတ်ဂျက်များရေးဆွဲခြင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့အပါအဝင် ကွန်ရက်ဖွဲ့စည်းတည်ဆောက်ပုံအတွက် အဆိုပြုထားသည့်ပုံစံအား ပိုင်းဂန်းဆွေးနွေးအတည်ပြုခြင်းတို့ ပြုလုပ်နိုင်ခဲ့ကြပါသည်။ Namati မှ စီစဉ်ပံ့ပိုးမှုဖြင့် **ဒေသတွင်းအဆင့် မိတ်ဆက်တင်ပြမှု နှစ်ရက်တာပွဲများ**ကို **(လားရှိုး၊ ဘားအံ၊ မကွေး၊ မြစ်ကြီးနား)** တို့တွင် ပြုလုပ်နိုင်ခဲ့ပြီး ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်နေကြသူများအား ကွန်ရက်အကြောင်းမိတ်ဆက်ခြင်း၊ ဥပဒေအထောက်အကူပြုလုပ်ငန်းများမြှင့်တင်ပေးခြင်း၊ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းအစီအမံများ မျှဝေခြင်း၊ ရက်(၁၀၀) စီမံကိန်းနှင့်ဆက်စပ်၍ ဖြည့်စွက်လုပ်ငန်းစဉ်များအတွက် အကြံပြုချက်များ၊ ကွန်ရက်ဖွဲ့စည်းရေးနှင့် ဥပဒေအထောက်အကူပြုသူများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဘုံစိန်ခေါ်မှုများအား ဖော်ထုတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြပါသည်။


အထက်တွင်ဖော်ပြခဲ့သည့် အခန်း ၂ တွင် ဤအကြောင်းအရာများကို အသေးစိတ်ဖော်ပြထားခဲ့ပြီး ဖြစ်ပါသည်။

**ဒေသတွင်းအဆင့် ကွန်ရက်ချိတ်ဆက်ရေး နေ့တစ်ဂက်ပွဲများ**ကိုလည်း မြို့နယ်(၆)ခု (မြိတ်၊ ကလေးမြို့၊ တာချီလိတ်၊ မြစ်ကြီးနား၊ တောင်ကြီးနှင့် ရန်ကုန်)တွင် ကျင်းပခဲ့ပြီး လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ Namati မှ နည်းပညာနှင့် ငွေကြေးပံ့ပိုးကူညီပေးထားသည့် ကွန်ရက်အဖွဲ့ဂင်များက ဦးဆောင်ခဲ့ကြပါသည်။ ဤနေ့တစ်ဂက်ပွဲများတွင် ဥပဒေအထောက်အကူပြုသူများသည် ရှေ့နေများ၊ အခြားသော ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်နေကြသူများနှင့် အလွတ်သဘောချိတ်ဆက်ခွင့်များ ရရှိခဲ့ကြပြီး ကွန်ရက်အကြောင်း မိတ်ဆက်နိုင်ခဲ့သည့်အပြင် "နိုင်ငံလုံးဆိုင်ရာ ဥပဒေအထောက်အကူပြု ကွန်ရက်" အတွက်ကိုလည်း အဖွဲ့ဂင်အသစ်များ တိုးပွားလာစေခဲ့ပါသည်။ ထို့အပြင် လုပ်ငန်းအဖွဲ့ (၄) ခုကိုလည်း ခိုင်မာကျစ်လျစ်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၎င်းတို့မှာ အစိုးရတာဂန်ရှိသူများကို အဆင့်အသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်သွားမည့် ဥပဒေအထောက်အကူပြုသူများအား အသိအမှတ်ပြုမှုမြင့်မားလာရေး လုပ်ငန်းအဖွဲ့၊ ဥပဒေအထောက်အကူပြုသူများ၏ လုပ်ငန်းကျွမ်းကျင်မှုစွမ်းရည်များနှင့် ဥပဒေရေးရာ ဗဟုသုတများ တိုးတက်မြင့်မားလာစေရေးအတွက် လုပ်ငန်းကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေး လုပ်ငန်းအဖွဲ့၊ ကွန်ရက်အဖွဲ့ဂင်များအကြား ချိတ်ဆက်ဆောင်ရွက်မှုများ ကောင်းမွန်လာစေရေးအတွက် ဆက်သွယ်ပြန်ကြားရေးနှင့် ကွန်ရက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့နှင့် ကွန်ရက်အဖွဲ့ကြီး ရေရှည်တည်တံ့နိုင်ရေးအတွက် ငွေကြေးပံ့ပိုးမှုရန်ပုံငွေများ ရှာဖွေပေးမည့် ရေရှည်တည်တံ့သော ရန်ပုံငွေရှာဖွေရေး လုပ်ငန်းအဖွဲ့ (ကွန်ရက်အဖွဲ့ကြီးအတွက် ရန်ပုံငွေများ ရှာဖွေပေးသွားမည့်) တို့ပင်ဖြစ်သည်။

## အခန်း ၄ - စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအဖွဲ့

***ဤကဏ္ဍတွင် ကွန်ရက်အတွက် အကြံပြုတင်ပြထားသော ဖွဲ့စည်းပုံနှင့် အနာဂါတ်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာတို့ကို ထည့်သွင်းထားပါသည်။ လုပ်ငန်းစဉ်ဆိုင်ရာ ဖော်ပြချက်များအပြင် ကွန်ရက်အဖွဲ့အတွက် နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကိုမူ အစီရင်ခံစာ၏ နောက်ဆက်တွဲအဖြစ် ထပ်မံထည့်သွင်းပေးသွားပါမည်။***

<u>လက်ရှိတွင် အဆိုပြုထားသော ကွန်ရက်အဖွဲ့ ဖွဲ့စည်းပုံဇယား</u>




(က) ဘုတ်အဖွဲ့ဝင်များ (Board of directors)

(ခ) စီမံခန့်ခွဲမှု ကော်မတီ (Management committee)

(ဂ) ကွန်ရက်အား ပံ့ပိုးချိတ်ဆက်ဆောင်ရွက်ပေးသူ (Network facilitator)

(ဃ) ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြု ချိတ်ဆက်ဆောင်ရွက်သူများ (Regional focal)

(င) လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ (Working group leader)

(စ) လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ (Working group members)

(ဆ) ကွန်ရက်အဖွဲ့ဝင်များ (Network members)

## လုပ်ငန်းတာဝန်များ

### (က) ဘုတ်အဖွဲ့ဝင်များ

- ကွန်ရက်အဖွဲ့အတွက် ဘုတ်အဖွဲ့ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။
- ဘုတ်အဖွဲ့ဆုံးဖြတ်များကို စုပေါင်းချမှတ်မှုစနစ် ကျင့်သုံးရမည်။ (ဥပမာ- ၅ ဦးစလုံး)
- စီမံခန့်ခွဲရေးအဖွဲ့၏တင်ပြချက်ကို အကြံဉာဏ်ပေးရမည်။
- အဖွဲ့တိုးတက်ရေးအတွက် လိုအပ်သောအကြံဉာဏ်များ ပေးအပ်နိုင်ရမည်။

### (ခ) စီမံခန့်ခွဲရေးအဖွဲ့

- ကွန်ရက်တစ်ခုလုံး တိုးတက်အောင်မြင်စေရန် စီမံခန့်ခွဲပေးရမည်။
- မူဝါဒ ချမှတ်ပေးရမည်။
- စည်းကမ်းထိန်းသိမ်းမှု၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပေးရမည်။
- ဝန်ထမ်းခန့်အပ်ခြင်း/ဖြုတ်ခြင်း ဆောင်ရွက်ပေးရမည်။
- အစိုးရ/အလှူရှင်အဖွဲ့အစည်းများ/အကျိုးသက်ဆိုင်သူများနှင့် ချိတ်ဆက် ဆောင် ရွက်မှုများ အတွက် အကြံဉာဏ်များ၊ နည်းပညာဆိုင်ရာပံ့ပိုးကူညီခြင်းများအတွက် ဆုံးဖြတ်ချက်ချမှတ် ပေးရမည်။
- လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် စီမံခန့်ခွဲ၊ ကြီးကြပ်၊ ပံ့ပိုးပေးရမည်။

### (ဂ) ကွန်ရက်အား ပံ့ပိုးချိတ်ဆက်ဆောင်ရွက်ပေးသူ

- သတင်းအချက်အလက်ဖြန့်ဝေခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။
- အချိန်ပြည့်ဝန်ထမ်းဖြစ်သည်။ ဘုတ်အဖွဲ့သို့ အစီရင်ခံစာ လစဉ်ပေးပို့ရမည်။
- အစည်းအဝေးများ ဦးဆောင်စီစဉ်ပေးရမည်။
- အလှူရှင်များနှင့်ပတ်သက်သည့်အချက်အလက်များ ရှာဖွေစုဆောင်းရမည်။
- လုပ်ငန်းအဖွဲ့များ၏လုပ်ငန်းစဉ်များအား စုဆောင်းရမည်။
- လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းစဉ်များအား မှတ်တမ်းတင်ခြင်း၊ ပံ့ပိုးခြင်း ပြုလုပ် ပေး ရ မည်။
- ဘုတ်အဖွဲ့မှ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ပေးရမည်။

## (ဃ) ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြု ချိတ်ဆက်ဆောင်ရွက်သူများ

- သတင်းပြန်ကြားမှုများ၊လုပ်ငန်းစဉ်များအတွက်ဒေသအ လိုက်တာ ဝန်ခံ အဖြစ် ဆောင် ရွက်ရမည်။
- လုပ်ငန်းစဉ် (သင်တန်း၊ အစည်းအဝေး) များအတွက် တာဝန်ခံစီစဉ်ပေးရမည်။
- အဖွဲ့ဝင်အသစ်များအတွက် ပဏာမစိစစ်ပေးရမည်။
- ခရိုင်နှင့် မြို့နယ်အဆင့်များသို့ထပ်မံတိုးချဲ့နိုင်ရန်ဆောင်ရွက်သွားရမည်။

## (င) လုပ်ငန်းအဖွဲ့ဝင် ခေါင်းဆောင်များ

- လုပ်ငန်းအဖွဲ့၏လုပ်ငန်းစဉ်များကို စီမံခန့်ခွဲခြင်း၊ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း များကို ရလဒ်ပေါ်ထွက်လာသည်အထိ ဆောင်ရွက်ပေးရမည်။
- အဖွဲ့ဝင်များတိုးပွားလာစေရန် စည်းရုံးခြင်း၊ စိစစ်ခြင်း၊ လက်ခံခြင်း၊ ဝင်ကြေး ကောက်ခံခြင်းများကို ကြီးကြပ်ပေးရမည်။
- လုပ်ငန်းအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ဆောင်ပေးရမည်။
- အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အဖွဲ့အတွင်း ညီညွတ်စည်းလုံးရေးကို တာဝန်ယူ စီမံခန့်ခွဲ ရမည်။
- လစဉ်အစီရင်ခံစာ ရေးသားရမည်။
- လုပ်ငန်းအဖွဲ့ခေါင်းဆောင်များအစည်းအဝေးသို့ မဖြစ်မနေ တက်ရောက်ပေးနိုင်ရမည်။
- လုပ်ငန်းအဖွဲ့အတွင်း လုပ်ငန်းစဉ် များ အချိန်မီပြီးစီးရန်နှင့် အချိန်ပေး ထမ်း ဆောင်နိုင်ရမည်။

## (စ) လုပ်ငန်းအဖွဲ့ဝင်များ

- လုပ်ငန်းအဖွဲ့ခေါင်းဆောင်များကို ပံ့ပိုးကူညီပေးရမည်။
- လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ မအားလပ်ပါက လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၏ခွင့်ပြုချက်ဖြင့် လုပ်ငန်းအဖွဲ့တာဝန်များကို ယာယီတာဝန်ယူပေးရမည်။
- လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၏ သဘောတူညီမှုဖြင့် အဖွဲ့ဝင်များတိုးပွားလာစေရန် စည်းရုံးခြင်း၊ စိစစ်ခြင်း၊ လက်ခံခြင်း၊ ဝင်ကြေးကောက်ခံခြင်းတို့ ဆောင်ရွက်ပေးရမည်။

- လုပ်ငန်းအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ဆောင်ရာတွင် ကူညီပေးရမည်။

**(ဆ) ကွန်ရက်အဖွဲ့ဝင်များ**

- အဖွဲ့ဝင်ကြေး၊ လစဉ်ကြေး၊ နှစ်စဉ်ကြေး ပေးဆောင်ရမည်။
- အဖွဲ့၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည်။
- အဖွဲ့ခေါင်းဆောင်မှ ပေးအပ်သောတာဝန်များကို ဝိုင်းဝန်းကူညီပံ့ပိုးနိုင်ရမည်။

**<u>ရွေးချယ်ပုံ</u>**

- လုပ်ငန်းအဖွဲ့ခေါင်းဆောင်များကို ကွန်ရက်အဖွဲ့ဝင်များမှ ရွေးချယ်တင်မြှောက်ခြင်း။ ***(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ မှ ၇ အထိ သီတင်းပါတ်တစ်ပါတ်အတွင်း ကျင်းပပြုလုပ်သွားပါမည်။ ရွေးကောက်ပွဲ ရလဒ်များအား ရွေးကောက်ပွဲ နောက်ဆုံးကျင်းပခဲ့သည့်နေ့ရက်မှ ရုံးဖွင့်ရက် (၃) ရက်အတွင်း ထုတ်ပြန် ကြေငြာပေးသွားပါမည်။)***
- ပြည်နယ်/တိုင်းဒေသကြီးကိုယ်စားပြု ချိတ်ဆက်ဆောင်ရွက်သူများအား ကွန်ရက်အဖွဲ့ဝင် များနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက အွန်လိုင်းမဲပေးစနစ်ဖြင့် တင်မြှောက်ခြင်း။ ***(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ မှ ၁၇ အထိ သီတင်းပါတ်တစ်ပါတ်အတွင်း ကျင်းပပြုလုပ် သွားပါမည်။ ရွေးကောက်ပွဲရလဒ်များအား ရွေးကောက်ပွဲ နောက်ဆုံး ကျင်းပခဲ့သည့်နေ့ရက်မှ ရုံးဖွင့်ရက် (၃) ရက်အတွင်း ထုတ်ပြန်ကြေငြာပေးသွားပါမည်။)***
- ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများကို ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားပြု ချိတ်ဆက် ဆောင်ရွက် သူများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များမှ အွန်လိုင်းမဲပေးစနစ်ဖြင့် ရွေးချယ်ပါမည်။ ***(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ မှ ၃၀ အထိ ဆယ်ရက်အတွင်း ကျင်းပပြုလုပ်သွားပါမည်။ ရွေးကောက်ပွဲရလဒ် များအား ရွေးကောက်ပွဲ နောက်ဆုံး ကျင်းပခဲ့သည့်နေ့ရက်မှ ရုံးဖွင့်ရက် (၃) ရက်အတွင်း ထုတ်ပြန် ကြေငြာပေးသွားပါမည်။)***
- ကွန်ရက်အား ပံ့ပိုးချိတ်ဆက်ဆောင်ရွက်ပေးသူကို ဘုတ်အဖွဲ့ဝင်များမှ ရွေးချယ်ခန့် အပ်ခြင်း။ ***(ရွေးချယ်ခြင်းနှင့် ခန့်အပ်ခြင်းကို နိုဝင်ဘာမှ-ဒီဇင်ဘာလအထိ ရက်ပေါင်း ၆၀ အတွင်း ပြုလုပ် သွားပါမည် )***

## သုံးလအတွင်း ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ

- ဥပဒေရေးရာအထောက်အကူပြုစီမံချက်များလုပ်ဆောင်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်း များနှင့် ချိတ်ဆက်လုပ်ဆောင်ရန်။
- ကွန်ရက်အဖွဲ့ဝင်သစ်များ ထပ်မံလက်ခံရန်။
- ပြည်နယ်တိုင်းဒေသကြီးအလိုက် လုပ်ငန်းအဖွဲ့များအတွက် အဖွဲ့ဝင်အသစ်များ ထပ်မံဖိတ်ခေါ်ရန်။
- အွန်လိုင်းမဲပေးစနစ်ဖြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များကို ဘုတ်အဖွဲ့ဝင်များနှင့် ကွန်ရက်အဖွဲ့ဝင်များမှ ရွေးချယ်ရန်။
- ကွန်ရက်အား တရားဝင်မှတ်ပုံတင်နိုင်ရန် လိုအပ်သည်များအား စတင်ဆောင်ရွက်ရန်။
- ကွန်ရက်စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ခေါင်းဆောင်များ၊ ဘုတ်အဖွဲ့ဝင်များနှင့် အစည်းအဝေး လုပ်ဆောင်ရန် (သုံးလတစ်ကြိမ်)။
- ဥပဒေရေးရာအထောက်အကူပြုသူများအား တရားဝင်အသိအမှတ်ပြုမှု ရရှိရေးအတွက် အစိုးရ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်။
- ကွန်ရက်အဖွဲ့ဝင်များအား ဥပဒေရေးရာအထောက်အကူပြုသူများနှင့် ပတ်သက်သော အကြောင်းအရာများ၊ သတင်းအချက်အလက်များ၊ အခွင့်အလမ်းများအား အချိန်နှင့်တပြေးညီ ဖြန့်ဝေပေးရန်။

## အခန်း ၅ - လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ရေး လုပ်ငန်းအဖွဲ့

***ကွန်ရက်အနေဖြင့် ဥပဒေအထောက် အကူပြု သူများအား အနာဂါတ်တွင် ပံ့ပိုးပေးဖို့ လိုအပ်လာမည့် စွမ်းရည်များ၊ သင်တန်းများ နှင့်ပတ်သက်၍ လမ်းပြ မြေပုံကြမ်းများကို ဤကဏ္ဍတွင် ထည့်သွင်း ဖော်ပြ ပေးထား ပါသည်။ ဥပဒေအထောက် အကူပြုသူများအတွက် လိုအပ်မည့် စွမ်းရည်များကို နောင်အခါတွင် သင်ရိုးညွှန်းတမ်း တစ်ခုအဖြစ်ဖန်တီး ရေးဆွဲနိုင် လာမည်ဖြစ်သည်။***




Figure 3 Paralegals with different focuses on land rights, GBV, and children's rights learn from each other

*အဆိုပါ စွမ်းရည်များအား ဖြည့်ဆည်း ပေးနိုင်ရန်အတွက် နည်းပြဆရာဖြစ် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ များကို ကနဦးခြေလှမ်းများ အဖြစ် အသုံးချနိုင်ပြီး စွမ်းဆောင်ရည်များ ဆက်လက်မြှင့်တင်ပေးနိုင်မည့် သင်ထောက်ကူပစ္စည်းများ ကိုလည်း ဤကဏ္ဍမှာပင် အကျဉ်းချုပ်ဖော်ပြပေးထားပါသည်။*

<u>ဥပဒေရေးရာ အထောက်အကူပြုသူများ၏ အဓိက ကျွမ်းကျင်မှုများ</u>

ဥပဒေရေးရာအထောက်အကူပြုသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းအဖွဲ့သည် ဥပဒေရေးရာ အထောက်အကူပြု ဆရာဖြစ်သင်တန်းကို ကွန်ရက်အဖွဲ့ဝင်များအတွက် သင်တန်းပို့ချခဲ့ပါသည်။ ရက် (၁၀၀) စီမံချက်ကာလအတွင်း ကွန်ရက်အဖွဲ့ဝင် ဥပဒေရေးရာ အထောက်အကူပြုသူများအတွက် (၄) ရက်တာ ဆရာဖြစ်သင်တန်းအား အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ သင်တန်းသားများအား ကနဦးစိစစ်ရွေးချယ်လက်ခံခြင်း၊ အခြားလုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ကာ အကြံဉာဏ်ရယူခြင်းနှင့် Namati ထံမှ နည်းပညာပံ့ပိုးမှုများရယူကာ သင်တန်းဒီဇိုင်း ရေးဆွဲခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဥပဒေရေးရာ အထောက်အကူပြုသူများအနေဖြင့် မရှိမဖြစ်လိုအပ်သော သင်ခန်းစာများကို အခန်းကဏ္ဍ (၃) ခုဖြင့် ပို့ချခဲ့ပါသည်။

ပထမပိုင်းတွင် ဥပဒေရေးရာ အထောက်အကူပြုသူများအတွက် မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများကို ပို့ချခဲ့ပါသည်။ ၎င်းတို့မှာ -

- ရပ်ရွာလူထုအား ဥပဒေစွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ ပညာပေးဆွေးနွေးမှု၊ လမ်းညွှန်ပံ့ပိုး ကူညီမှု စွမ်းရည်။
- သတင်းအချက်အလက်များ ကောက်ယူမှုနှင့် အမှုသည်များအား မေးခွန်းမေးမြန်းမှု စွမ်းရည်။
- ဥပဒေအထောက်အကူပြုသူများ၊ ရှေ့နေများ၊ စတိတ်ဟိုဒါများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်။
- အမှုတွဲများအား စီမံခန့်ခွဲခြင်းနှင့် ကိုင်တွယ်ဆောင်ရွက်မှု စွမ်းရည်။
- စကားပြောစွမ်းရည်။
- ကြားဝင်စေ့စပ် ဖြန်ဖြေခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စွမ်းရည်။

ဒုတိယပိုင်းတွင် ဥပဒေရေးရာအထောက်အကူပြုသူများအနေဖြင့် သိထားရမည့် အခြေခံ သဘောတရားများ

- ရပ်ရွာလူထု အခြေပြုသည့် ဥပဒေ အထောက်အကူပြုသူဆိုသည်မှာ အဘယ်နည်း။
- နိုင်ငံတကာရှိ ဥပဒေ အထောက်အကူပြုသူများနှင့် သမိုင်းကြောင်း။
- ဥပဒေရေးရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုသည်မှာ အဘယ်နည်း၊ ဥပဒေရေးရာ အထောက် အကူပြုခြင်း၊ ဥပဒေရေးရာ ပညာပေးခြင်းနှင့် ဥပဒေရေးရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ အကြား မတူကွဲပြားချက်များ။
- ဥပဒေရေးရာ အထောက်အကူပြုသူများ အနေဖြင့် မရှိမဖြစ်လုပ်ဆောင်ရမည့် စွမ်းရည်တစ်ခု ဖြစ်သည့် အမှုသည်များကို ဥပဒေရေးရာစွမ်းဆောင်ရည် မြှင့်တင်ပေးရန် နည်းလမ်းများ။
- ဥပဒေရေးရာ အထောက်အကူပြုသူများ၏ အခြေခံမူ၊ တာဝန်ဝတ္တရားများနှင့် ကျင့်ဝတ်များ စသည်တို့ဖြစ်သည်။

တတိယပိုင်းတွင် မြန်မာနိုင်ငံ၏ ဥပဒေစနစ်အား လေ့လာခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဏ္ဍိုင်ကြီး (၃) ရပ် အပြန်အလှန် ထိန်းကြောင်းထားရှိပုံနှင့် ဥပဒေရေးရာ အထောက်အကူပြုသူများအနေဖြင့် မူဝါဒရေးရာနှင့်ပတ်သက်ပြီး အခြေခံသဘောတရားများနှင့် နည်းလမ်းများအားလည်း သင်ကြားပို့ချခဲ့ပါသည်။ ထို့အပြင် တက်ရောက်လာသည့် ဥပဒေအထောက်အကူပြု အဖွဲ့အစည်းအသီးသီးမှ သင်တန်းသားများ၏ အတွေ့အကြုံ ဗဟုသုတများအားလည်း မျှဝေနိုင်ခဲ့ကြပါသည်။ အထူးသဖြင့် မြေယာ၊ သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် LGBT စသည်တို့ ဖြစ်ပါသည်။

ထို့မှတဖန် ဆရာဖြစ်သင်တန်းဆင်း ဆရာ/မများမှ ပြန်လည်ကာ နေ့တဝက်သင်တန်းပို့ချခြင်း အစီအစဉ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးရှိ ရပ်ရွာလူထုအား ပြန်လည်ပို့ချနိုင်ခဲ့ပါသည်။ နေ့တဝက်ဆင့်ပွားသင်တန်းပို့ချခြင်းအစီအစဉ်များကို ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ရွှေညောင်မြို့၊ မကွေးတိုင်း ချောက်မြို့၊ ပခုက္ကူမြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ လှိုင်းဘွဲ့မြို့၊ ကယားပြည်နယ် ဖရူဆိုမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်တို့တွင် ဆင့်ပွားသင်တန်းများ အသီးသီး ပို့ချပေးခဲ့ပါသည်။ ယေဘုယျအနေဖြင့် သင်တန်းသားအများစုမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊

ရပ်ရွာတွင် ဥပဒေရေးရာနှင့်ပတ်သက်ပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ စသည်တို့ဖြစ်ကြပါသည်။ ရှေ့နေများကလည်း သင်တန်းပို့ချရာတွင် ပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြပါသည်။

ဆင့်ပွားသင်တန်းပို့ချရာတွင် အဓိကအားဖြင့် ဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ -

` (က) ဥပဒေအထောက်အကူပြုသူဆိုသည်မှာ အဘယ်နည်း။

(ခ) ဥပဒေအထောက်အကူပြုသူများ၏ အခြေခံမူနှင့် ကျင့်ဝတ်များ။

(ဂ) ပြည်သူလူထုမှ ဥပဒေကို လက်လှမ်းမီစေရန်အတွက် ဥပဒေအထောက်အကူပြုသူများ၏ အခန်းကဏ္ဍနှင့်

(ဃ) ဥပဒေရေးရာ အထောက်အကူပြုသူများ၏ အခြေခံစွမ်းဆောင်ရည်များ စသည်တို့ကို ပို့ချပေးနိုင်ခဲ့သည့်အပြင် အဖွဲ့ဝင်သစ်များဝင်ရောက်လာခြင်းကိုပါ ပူးတွဲလုပ်ဆောင်နိုင်ခဲ့ ပါသည်။

ဆင့်ပွားသင်တန်း၏ ရလဒ်အနေဖြင့် ဥပဒေအထောက်အကူပြုသူနှင့် အမှုပွဲစား မတူကွဲပြားပုံကို ပြည်သူများ ခွဲခြားသိမြင်လာနိုင်ခဲ့ပါသည်။ ရှေ့နေများမှလည်း ဥပဒေအထောက်အကူပြုသူများကို မိတ်ဖက် အဖွဲ့အစည်းများအဖြစ် သဘောထားလာခဲ့ပါသည်။ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ရပ်ရွာအရေး ပါဝင်ဆောင်ရွက်သူများမှလည်း ဥပဒေအထောက်အကူပြုသူများ၏ အရေးပါပုံကို သိမြင်လာစေခဲ့ပါသည်။

ထို့အပြင် ကျန်ရှိနေသေးသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဥပဒေအထောက်အကူပြု လုပ်ငန်း လုပ်ကိုင်နေသူများကို ဆရာဖြစ်သင်တန်း ထပ်မံပေးနိုင်ရန်နှင့် သင်တန်းပြီးဆုံးပါက ဆင့်ပွား သင်တန်းများ ပြုလုပ်ပေးနိုင်ရန်အတွက်လည်း ကျွန်ုပ်တို့လုပ်ငန်းအဖွဲ့အနေဖြင့် အစီအစဉ်များ ရေးဆွဲခဲ့ပါသည်။ အနာဂါတ်တွင် ရန်ပုံငွေရရှိပါက သင်ရိုးညွှန်းတမ်းများ ရေးဆွဲနိုင်ရန်အတွက်လည်း မိတ်ဖက်အဖွဲ့အစည်းများ၏ သင်ရိုးညွှန်းတမ်းများကို လေ့လာခြင်း၊ ဥပဒေပညာရှင်များနှင့် တိုင်ပင် ဆွေးနွေးခြင်း၊ Namati ထံမှ နည်းပညာပံ့ပိုးမှု တောင်းခံခြင်း စသည်တို့ကို လုပ်ဆောင်နေပါသည်။ ထို့အပြင် ပြည်ထောင်စုအဆင့် ဖွဲ့စည်းထားသော တရားဥပဒေစိုးမိုးရေးဌာနများနှင့် တရားမျှတမှု

ဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင်များနှင့်လည်းတိုင်ပင်ကာ အကြံဉာဏ်များရယူမှု ပြုလုပ်နေပါသည်။ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အဖွဲ့ဝင်အချင်းချင်းလည်း စဉ်ဆက်မပြတ် တိုင်ပင်ဆွေးနွေးကာ လေ့လာမှုများ ပြုလုပ်လျှက်ရှိပါသည်။

**အခန်း ၆ - ဥပဒေရေးရာအထောက်အကူပြုသူများ၏ အခန်းကဏ္ဍများအား အသိအမှတ်ပြုခံရမှု မြှင့်တင်ရေး လုပ်ငန်းအဖွဲ့**

*မြန်မာနိုင်ငံရှိ ဥပဒေအထောက် အကူပြုသူများ၏ အခန်းကဏ္ဍနှင့် ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲ ရေးတွင် ၎င်းတို့၏ ပါဝင်ပတ် သက်မှုအနေအထားများကို ဤကဏ္ဍတွင် ဆွေးနွေးတင်ပြပေးထားပါသည်။ ဥပဒေအထောက်အကူပြုသူများရင်ဆိုင် ရလေ့ရှိသည့် စိန်ခေါ်မှုများ၊ လုပ်ငန်း အဖွဲ့များအလိုက် ဖော်ထုတ် တွေ့ရှိမှုများ အပြင် အဆိုပါပြဿနာ များအား ကွန်ရက် အနေဖြင့် အနာဂါတ်တွင် အသုံးပြုနိုင်မည့် ဖြေရှင်း နည်းများ ကိုလည်း တင်ပြပေးထားပါသည်။*



Figure 4 The Paralegal Recognition Working Group met with State-level government officials to educate officials about the role of paralegals

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူး ပြောင်းရေး ကာလတွင် ဥပဒေရေးရာ အထောက်အကူပြုသူများ၏ အခန်းဏ္ဍ သည် အလွန်ပင် အရေးပါလှပါသည်။ အကြောင်းမှာမူ တရားဥပဒေ စိုးမိုးရေး သည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်း သာယာရေးတို့အတွက် နိုင်ငံသားတိုင်း လုပ်ဆောင် ရမည့် အခရာကျသော တာဝန်ဖြစ် သည်။ အထူးသဖြင့် အသွင်ကူး ပြောင်း ရေးကာလတွင် တရားဥပဒေ စိုးမိုးရေး အတွက် ပြည်သူလူထုအနေဖြင့် တရားဥပဒေကို လက်လှမ်းမီနိုင်ရန်မှာ လိုအပ်ချက်တစ်ခု ဖြစ်လာခဲ့သည်။ ယင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် ရပ်ရွာလူထုနှင့်နီးကပ်စွာတည်ရှိသည့် ဥပဒေရေးရာ အထောက်အကူပြုသူများ၏ အခန်းကဏ္ဍသည် မဖြစ်မနေပါဝင်ရမည့် အနေအထား အဖြစ်

အရေးပါလာခဲ့ပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ဥပဒေရေးရာ အထောက်အကူပြုသူတို့၏ အခန်းကဏ္ဍသည် အဓိကအားဖြင့်

(၁) အမှုသည်များအား ဥပဒေရေးရာလုပ်ငန်းစဉ်များနှင့် တရားမျှတမှုရရှိရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းများ အကြံပေးခြင်း၊

(၂) အငြင်းပွားမှုများတွင် ကြားဝင်ဖြန်ဖြေစေ့စပ်ပေးခြင်း၊

(၃) ဥပဒေအသိပညာတိုးပွားရေးအတွက် လူထုအား ပညာပေးခြင်း၊

(၄) တရားမမှု (သို့) ပြစ်မှုဆိုင်ရာနှင့် ပတ်သက်ပြီး တရားစွဲဆိုရင်ဆိုင်နေရသော အမှုသည်များ အတွက် တရားမျှတမှုရရှိရန် ဆောင်ရွက်ပေးခြင်း။

(၅) လိုအပ်ချက်များရရှိအောင် လုပ်ဆောင်နိုင်ရေးအတွက် လူထုအားစည်းရုံးခြင်းနှင့် အထောက် အကူပြု ပံ့ပိုးခြင်းတို့ ဖြစ်ကြပါသည်။

"ဥပဒေရေးရာ အထောက်အကူပြုသူများ" ဟူသော ဝေါဟာရမှာ ၂၀၁၇ နောက်ပိုင်းတွင် ခပ်ကျဲကျဲ ကြားလာခဲ့ရာမှ ၂၀၁၀နောက်ပိုင်းတွင် အပြောများလာကြသော်လည်း အစိုးရအုပ်ချုပ်ရေးပိုင်းနှင့် တရားရုံးများတွင် ဥပဒေရေးရာအထောက်အကူပြုသူတို့အား အသိအမှတ်မပြုခြင်း၊ နေရာမပေးခြင်း များလည်း တွေ့လာရသည်။ ထို့ကြောင့် "ဥပဒေရေးရာအထောက်အကူပြုသူများကွန်ရက်" အနေဖြင့် ဥပဒေရေးရာအထောက်အကူပြုလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန်နှင့် တရားဥပဒေ စိုးမိုးမှုကို မြှင့်တင်နိုင်ရန်အတွက် ရပ်ရွာလူထုနှင့်သာမက အာဏာပိုင်များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်လာရာတွင် တရားဝင်အသိအမှတ်ပြုရရှိရေးသည် မဖြစ်မနေ လိုအပ်လာသည်။ သို့ဖြစ်၍ "ဥပဒေရေးရာအထောက်အကူပြုသူများအား အသိအမှတ်ပြုမှုရရှိရေး" အဖွဲ့အနေဖြင့် ကွန်ရက်စီမံချက် ရက်(၁၀၀)အတွင်း တနိုင်ငံလုံး အတိုင်းအတာဖြင့် မလွှမ်းခြုံနိုင်ခဲ့ သော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီး ၄ ခု (ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ ကယားပြည်နယ် လွိုင်ကော်၊ ဧရာဝတီတိုင်း ပုသိမ်မြို့နှင့် မွန်ပြည်နယ် မော်လမြိုင်)တို့တွင် တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးအတွက် regional advocacy meeting ပြုလုပ်ခဲ့ပါသည်။ အတွေ့အကြုံများကို သုံးသပ်ချက်အရ ဥပဒေရေးရာ အထောက်အကူပြုသူများသည် နိုင်ငံတကာတွင် ဥပဒေအရ တရားဝင်အသိအမှတ်ပြုမှု ရရှိနေ

သော်လည်း မြန်မာနိုင်ငံတွင်မူ အသစ်အဆန်းဖြစ်နေသည့် အခြေအနေဖြစ်သောကြောင့် ပြည်သူလူထုကိုရော အစိုးရအဖွဲ့အစည်းများကိုပါ အသိအမှတ်ပြုရရှိရေးအတွက် တိုက်တွန်းလှုံ့ဆော်ရန် လိုအပ်ပါသည်။ ယေဘုယျအားဖြင့် ရလဒ်ကောင်းများအနေဖြင့် အစိုးရအဖွဲ့နှင့်ဌာနဆိုင်ရာတို့၏ ကောင်းမွန်သောတုန့်ပြန်မှုနှင့်တကွ ပူးပေါင်းလက်တွဲရန် ခေါ်ဆိုခြင်း၊ ပိုမိုကောင်းမွန်သော အကြံပြုခြင်း (ဥပမာ - ဥပဒေရေးရာ အထောက်အကူပြုသူများ၏ စံနှုန်းများ တိကျခိုင်မာရန် လိုအပ်ကြောင်း၊ တရားဝင်အသိအမှတ်ပြုရရှိရေးအတွက် "ဥပဒေရေးရာအထောက်အကူပြု ဥပဒေ" ဖြင့်လည်း ချိတ်ဆက်ရန်လိုအပ်ကြောင်း စသည်ဖြင့်) ရလဒ်ကောင်းများ ရရှိခဲ့ပါသည်။

လူထုကိုယ်တိုင်သော်၎င်း အစိုးရအဖွဲ့အစည်းများတွင်ပါ ဥပဒေနှင့်ပတ်သက်သော အသိပညာဗဟုသုတများ ရရှိထားရန် အထူးလိုအပ်နေခြင်း၊ အထူးသဖြင့် အခြေခံလူတန်းစားများအတွက် တရားဥပဒေကို လက်လှမ်းမီစေရန် ဥပဒေရေးရာအထောက်အကူပြုသူများ လိုအပ်နေခြင်းတို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေအထောက်အကူပြုသူများသည် ဥပဒေနှင့် တစ်ကယ့်လက်တွေ့ဘဝကြား ထိခိုက်နစ်နာသူများအတွက် ပေါင်းကူးတံတားပင်ဖြစ်သည်။ ထို့အပြင် ဥပဒေရေးရာအထောက်အကူပြုသူများသည် အမှုသည်တို့၏ ဥပဒေရေးရာအသိပညာနှင့် စွမ်းရည်မြင့်မားလာစေရေးကို အနီးကပ်လမ်းညွှန် ဦးစားပေးလုပ်ဆောင်ပေးနိုင်သူများလည်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ဥပဒေရေးရာအထောက်အကူပြုသူများအား ရပ်ရွာလူထုသာမက အစိုးရ အဖွဲ့အစည်းများကပါ ယုံကြည်မှုရှိလာစေရနန်နှင့် အသိအမှတ်ပြုရရှိရေးတို့သည် မရှိမဖြစ်လိုအပ်ကြောင်း လေ့လာတွေ့ရှိရသည့်အလျောက် ယခုကဲ့သို့ မြန်မာနိုင်ငံတစ်နံတစ်လျား ဥပဒေအထောက်အကူပြုသူများ၏ အရေးပါလှသောအခန်းကဏ္ဍကို လူထုကြား ပိုမိုကျယ်ပြန့်စွာသိရှိလာစေရန်နှင့် အစိုးရအဖွဲ့အစည်းများမှ တရားဥပဒေစိုးမိုးရေးကဏ္ဍအတွက် ဥပဒေရေးရာအထောက်အကူပြုသူများအား လက်တွေ့အသုံးချ အကောင်အထည်ဖော်နိုင်ရန်အတွက် "တနိုင်ငံလုံးဆိုင်ရာအထောက်အကူပြုကွန်ရက်" အနေဖြင့် ကွန်ရက်ဖွဲ့ပြီး ချိတ်ဆက်လှုပ်ရှားခြင်းဖြင့် စုပေါင်းအဖြေရှာကြလျှင် ပိုမိုအားကောင်းလာနိုင်ကြောင်း လေ့လာတွေ့ရှိ ချက်များအရ အကြံပြုတင်ပြအပ်ပါသည်။

**အခန်း ၇ - ကွန်ရက်ချိတ်ဆက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကွန်ရက်အား ပိုမို တိုးတက်ခိုင်မာလာစေရန် တည်ထောင်ခြင်း**

***ကွန်ရက်အဖွဲ့ ပိုမိုကျယ်ပြန့်လာရေး အတွက် ကွန်ရက် ချိတ်ဆက်မှု လုပ်ငန်းအဖွဲ့၏ ကြိုးပမ်းအားထုတ်မှု များကို ဤကဏ္ဍတွင် အသေးစိတ်ဖော်ပြပေးထားပြီး နောင် အနာဂါတ် တွင် ကွန်ရက်အဖွဲ့ကြီး ပိုမို အားကောင်း ခိုင်မာလာရေးအတွက် မည်သို့ ဆောင်ရွက် သင့် သည် ဆိုသော အကြံပြုချက်များကိုလည်း ထည့်သွင်း ပေးထား ပါသည်။***



Figure 5 A paralegal from Ayeyarwaddy Region takes on a new leadership role as a Working Group Co-Chair

ကွန်ရက်ချိတ်ဆက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း လုပ်ငန်းအဖွဲ့အနေဖြင့် ကွန်ရက်အား ပိုမို အားကောင်း လာစေရန် ဖော်ဆောင်ရာတွင် ကဏ္ဍနှစ်ခုအနေဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ ပထမတစ်ခုမှာ ကွန်ရက် အဖွဲ့ဝင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်း လာအောင် ဖော်ဆောင်ခြင်းဖြစ်သည်။ ၎င်းကဏ္ဍနှင့် ပတ်သက်ပြီး လုပ်ငန်းအဖွဲ့အနေဖြင့် အကြောင်းအရာ ၄ ခု လုပ်ဆောင်ခဲ့ပါသည်။

၁။ ကွန်ရက်အဖွဲ့ဝင်အချင်းချင်း သတင်းအချက်အလက်များ လွယ်ကူချောမွေ့စွာ နီးနှောဖလှယ် နိုင်စေရန် "ဥပဒေရေးရာအထောက်အကူပြုသူများကွန်ရက်" facebook စာမျက်နှာ ဖွင့်လှစ်ခြင်း။

၂။ လုပ်ငန်းအဖွဲ့အချင်းချင်း ချိတ်ဆက်မှုရှိစေရန် ပံ့ပိုးကူညီမှု၊ ချိတ်ဆက်ပေးမှုများ ဆောင်ရွက်ခဲ့ခြင်း။

၃။ “ဥပဒေရေးရာအထောက်အကူပြုသူများကွန်ရက်” အား လူထုထဲတွင် ပိုမိုကျယ်ပြန့်စွာ သိရှိ လာစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း။

၄။ အဖွဲ့ဝင်အသစ်များအား စာရင်းပြုစုခြင်းနှင့် စိစစ်လက်ခံဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။

ဒုတိယကဏ္ဍအနေဖြင့်လည်း ကွန်ရက်အား ပိုမိုကျယ်ပြန့်လာစေရန်နှင့် လူထုထဲတွင် ပိုမိုပျံ့နှံ့ လာစေရန် နေ့တစ်ဝက် ကွန်ရက်ချိတ်ဆက်ခြင်းဆွေးနွေးပွဲများအား ပြည်နယ်နှင့်တိုင်းအားလုံးတွင် ရက်(၁၀၀) စီမံချက်ကာလအတွင်း ကွန်ရက်အဖွဲ့ဝင်များမှတစ်ဆင့် ပံ့ပိုးကူညီကာ လုပ်ဆောင်ခြင်း (ရခိုင်ပြည်နယ် - အမ်းမြို့နယ်၊ တနင်္သာရီတိုင်း - မြိတ်၊ မွန်ပြည်နယ် - မော်လမြိုင်မြို့၊ ကချင်ပြည်နယ် - မိုးကောင်းမြို့နှင့် မြစ်ကြီးနား၊ ပဲခူးတိုင်း - ကြို့ပင်ကောက်မြို့၊ ချင်းပြည်နယ် - ဖလမ်းမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း - တောင်ကြီးမြို့၊ ရှမ်းပြည်နယ်အရှေ့ပိုင်း - တာချီလိတ်မြို့၊ ရန်ကုန်တိုင်း - ရွှေပြည်သာမြို့နယ်)၊ Namati မှ ဦးဆောင်ကာ စီစဉ်ပြုလုပ်သော ဥပဒေအထောက်အကူပြုကွန်ရက် ပေါ်ပေါက်လာစေရန် နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲကိုလည်း တိုင်းနှင့်ပြည်နယ် ၄ခုတွင် (ကရင် ပြည်နယ် - ဘားအံမြို့၊ မကွေးတိုင်း - မကွေးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း - လားရှိုးမြို့၊ ကချင် ပြည်နယ် - မြစ်ကြီးနားမြို့)ပြုလုပ်ခဲ့သောကြောင့်လည်း ကွန်ရက်အဖွဲ့ဝင်အသစ်များ တိုးပွားလာခဲ့ ပါသည်။

ထို့အပြင် ဥပဒေရေးရာအထောက်အကူပြုသူများ ဂက်ဆိုက်တစ်ခု ပေါ်ပေါက်လာစေရန် ဆောင် ရွက်နိုင်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့အနေဖြင့် အနာဂါတ်တွင် ဆက်လက်ဖော်ဆောင်သွားမည့် လုပ်ငန်းစဉ်များကိုလည်း အစီအစဉ်ရေးဆွဲပြီးဖြစ်သည်။

- လုပ်ငန်းအဖွဲ့အချင်းချင်း ချိတ်ဆက်မှု ပိုမိုအားကောင်း လာစေရန်နှင့် သတင်းအချက်အလက်များ မျှဝေနိုင်ရန် facebook – messenger group များတွင် အဖွဲ့ဝင်အချင်းချင်း ဆွေးနွေးလာစေရန် ပံ့ပိုးကူညီခြင်း၊ စာရွက်စာတမ်း သတင်းအချက်အလက်များ အွန်လိုင်းမှတဆင့် လွယ်ကူစွာ ဖြန့်ဝေပေးနိုင်ရန် Gmail group များဖွဲ့စည်းခြင်း၊ viber group များ တည်ထောင်ခြင်းနှင့် website နှင့် ချိတ်ဆက်လုပ်ဆောင်သွားမည် ဖြစ်သည်။

- လုပ်ငန်းအဖွဲ့ဝင်ခေါင်းဆောင်များ၊ ဘုတ်အဖွဲ့ဝင်များနှင့်လည်း နှစ်လတစ်ကြိမ် အွန်လိုင်းမှတဆင့် meeting ပြုလုပ်သွားမည်ဖြစ်သည်။
- လုပ်ငန်းအဖွဲ့ဝင်များနှင့်လည်း တစ်လတစ်ကြိမ် ဖုန်း (သို့) messenger group ဖြင့် ချိတ်ဆက်၍ သတင်းအချက်အလက်မျှဝေမည် ဖြစ်သည်။
- စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့အနေဖြင့်လည်း အရေးကြီးကိစ္စဖြင့်တွေ့ဆုံဖို့လိုအပ်ပါက နေရာ သတ်မှတ်ပြီး ပြုလုပ်သွားနိုင်ရန် အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်ပေး သွားမည် ဖြစ်သည်။
- ဂက်ဆိုက်စာမျက်နှာတွင်လည်း ကွန်ရက်အဖွဲ့ဝင်များအတွက် သတင်းအချက်အလက် များကို အချိန်နှင့်တပြေးညီ ပြုလုပ်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။
- ပြည်နယ်နှင့်တိုင်းတွင် အဖွဲ့ဝင်အရေအတွက်များတိုးပွားလာစေရန် အဖွဲ့ဝင်ပုံစံများ ဖြန့်ဝေပေးခြင်းနှင့် ကွန်ရက် လက်ကမ်းစာစောင်များကိုလည်း အခြားသောကွန်ရက် များနှင့် ချိတ်ဆက်ပြီး ဖြန့်ဝေပေးသွားမည် ဖြစ်သည်။
- ကွန်ရက်အဖွဲ့ဝင် ဥပဒေရေးရာ အထောက်အကူပြုသူများ အတွက်လည်း စွမ်းဆောင်ရည် မြင့်မားလာ စေရန် ရည်ရွယ်ပြီး သင်တန်းအခွင့်အလမ်းများရရှိအောင် တခြားသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**အခန်း ၈ - ကွန်ရက်အဖွဲ့ကြီးအတွက် လမ်းပြမြေပုံရေးဆွဲခြင်း (Namati နှင့် ကွန်ရက်ချိတ်ဆက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း လုပ်ငန်းအဖွဲ့)**

ကွန်ရက်အဖွဲ့ဝင်များအား အမည်၊ နေထိုင်ရာဒေသ စသည်တို့အားဖြင့် စာရင်းပြုစုဖော်ပြခြင်းကို ဤကဏ္ဍတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဆက်သွယ်ရမည့် အသေးစိတ်အချက်အလက်များကို အစီရင် ခံစာတွင် နောက်ဆက်တွဲအဖြစ် ဖော်ပြပေးရမည်။ ယခုဆိုလျှင် "ဥပဒေအထောက်အကူပြုသူများ ကွန်ရက်"ကို မကြာသေးမီကမှပင် တရားဝင် စတင်ထူထောင်နိုင်ခဲ့ပြီး နိုင်ငံတစ်ဝှမ်းလုံးမှ တက်ကြွသူ အဖွဲ့ဝင်အင်အား ၂၀၀ ကျော်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။

**အခန်း ၉ - ကွန်ရက်ကြီးရေရှည်တည်တံ့စွာ ရပ်တည်နိုင်ရန် ရန်ပုံငွေရှာဖွေခြင်း လုပ်ငန်းအဖွဲ့**

***ရန်ပုံငွေရှာဖွေရေးအတွက် အသုံးပြုနိုင်သည့် အခြားသောနည်းလမ်းများနှင့် ကွန်ရက်အနေဖြင့် ရေရှည်တည်တံ့မည့် ရန်ပုံငွေရရှိမှုအခြေခံတစ်ခုတည်ဆောက်ရေးအတွက် မည်သို့ ထည့်သွင်းစဉ်းစားသင့်သည်တို့ကို ဤကဏ္ဍတွင် ထည့်သွင်းဖော်ပြထားပါသည်။ ရန်ပုံငွေရှာဖွေရေးနည်းလမ်းလေးခုရှိသည့်အနက် တစ်ခုချင်း၏ ကောင်းကျိုးဆိုးကျိုးများကိုသာမက အလှူရှင်များအားချဉ်းကပ်ရာတွင် အဆိုပြုတင်ပြနိုင်မည့် ရန်ပုံငွေ စီမံခန့်ခွဲမှုစနစ် (စိတ်ကူးမူကြမ်းများ)ကိုလည်း အကျဉ်းချုပ်ဖော်ပြပေးထားပါသည်။***

ရန်ပုံငွေရှာဖွေရေး လုပ်ငန်းအဖွဲ့အနေဖြင့် ကွန်ရက်၏ ရက် (၁၀၀) စီမံကိန်းကာလတွင် ရန်ပုံငွေရှာဖွေခြင်းနှင့်ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲနှစ်ခုအား အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ပထမအလုပ်ရုံဆွေးနွေးပွဲတွင် ရန်ပုံငွေရရှိနိုင်သည့်အခွင့်အလမ်းနှင့်ပတ်သက်ပြီး ဖြစ်နိုင်ခြေရှိသည့် နည်းလမ်း(၄)သွယ်ကို ဆွေးနွေးနိုင်ခဲ့ပါသည်။ ၎င်းတို့မှာ -

> ၁။ အောင်မြင်သောအမှုသည်များထံမှ စေတနာအလျောက်ပါဝင်မှုကို လက်ခံယူခြင်း (Pay it forward model)
> ၂။ စွန့်ဦးတီထွင် လူမှုစီးပွားရေးလုပ်ငန်း (Social enterprise model)
> ၃။ အဖွဲ့ဝင်ကြေး ကောက်ခံခြင်း (Memberships Fees model)
> ၄။ ဥပဒေရေးရာဝန်ဆောင်မှုအတွက် အခကြေးငွေရယူခြင်း (Service fee model)

အထက်ဖော်ပြပါ နည်းလမ်း(၄)မျိုးအနက်၊ (၁)နှင့်(၄)သည် "ဥပဒေရေးရာအထောက်အကူပြုကွန်ရက်" အတွက် ကိုက်ညီမှုမရှိဘဲ အားနည်းချက်များ ပါရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် နည်းလမ်း (၁) သည် အောင်မြင်သောအမှုသည်များထံမှ စေတနာအလျောက်ပါဝင်မှုကို လက်ခံရာတွင် အချိန်ကာလကြာမြင့်မှ ရနိုင်မည်ဖြစ်ပြီး ငွေပမာဏမှာလည်း ခန့်မှန်း၍မရနိုင်ပါ။ အခြားအကြောင်းရင်းတစ်ခုမှာ ဥပဒေအထောက်အကူပြုသူများမှ အခမဲ့ ဝန်ဆောင်မှုပေးသည်ဟုပြောဆိုပြီးမှ ငွေကြေးလက်ခံလျှင် ရပ်ရွာလူထုမှ ဥပဒေအထောက်အကူပြုသူများအား အထင်လွဲအမြင်စောင်းနိုင်သည်ဟု သုံးသပ်ရပါသည်။ နည်းလမ်း(၄) အရလည်း ရှေ့နေများအနေဖြင့်မူ ဝန်ဆောင်ခ လွယ်ကူစွာ လက်ခံရယူနိုင်သော်လည်း ရာနိုင်နှုန်း မည်ရွေ့မည်မျှထည့်ဝင်ရေးတွင် သတ်မှတ်ရန်ခက်ခဲခြင်း၊ ဥပဒေရေးရာအထောက်အကူပြုသူများမှာ လိုင်စင်ရရှေ့နေများကဲ့သို့ ဝန်ဆောင်ခ တောင်းခံ၍မရနိုင်သည့်အတွက်

အားနည်းချက်ရှိသည် ဟုသုံးသပ်ရပါသည်။ ထို့ကြောင့် နည်းလမ်း (၁) နှင့် (၄) ကို အသုံးမပြုနိုင်ဟု ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ရာတွင် နည်းလမ်း(၂) ဖြစ်သော (Social enterprise model)တွင် ကွန်ရက်အတွက် အသုံးဝင်မည့် အားသာချက်များနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း လေ့လာသုံးသပ်ခဲ့ရပါသည်။ ဥပမာအားဖြင့် ဆုမဲလက်မှတ်များရောင်းချပြီး ရန်ပုံငွေရှာနိုင်ခြင်း၊ တစ်နှစ်လျှင် ဆုမဲ (၄) ကြိမ်ခန့် ရောင်းချပြီး ၅ဝ% အား ဆုမဲတန်ဖိုးများအဖြစ်သတ်မှတ်ကာ ဝန်ဆောင်စရိတ်အား ၁၅% မှ ၂ဝ% အထိ လျာထားပြီးနောက် ရန်ပုံငွေအဖြစ် ၃ဝ% ရရှိနိုင်မည်ဖြစ်၍ နည်းလမ်း (၂) အား အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များမှ ဆုံးဖြတ်ခဲ့ကြပါသည်။

ထို့အတူ နည်းလမ်း (၃) ဖြစ်သော (Membership fees model) သည် ကွန်ရက်အတွက် အကောင်းဆုံး နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ အကြောင်းမှာမူ အဖွဲ့ဝင် အရေအတွက် များပြားလာသည်နှင့်အမျှ အဖွဲ့ဝင်ကြေးရန်ပုံငွေ ပိုမိုရရှိလာနိုင်မည် ဖြစ်သည်။ အဖွဲ့ဝင်ကြေးများကို ကောက်ခံရာတွင်လည်း အဖွဲ့ဝင်တစ်ဦးလျှင် ဝင်ကြေး ၃ဝဝဝ-ကျပ် နှင့် လစဉ်ကြေး ၁ဝဝဝ-ကျပ် ပေးဆောင်ရန်၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ဖြစ်ပါက ဝင်ကြေး ၅ဝဝဝ ကျပ်နှင့် လစဉ်ကြေး ၃ဝဝဝ-ကျပ်ပေးသွင်းရန်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ပါက တနှစ်စာအတွက် ( ၅ဝဝဝဝ-ကျပ်) ပေးသွင်းရန် ယာယီ သတ်မှတ်ထားပါသည်။

ဝင်ကြေး၊လစဉ်ကြေးများ ကောက်ခံရာတွင် ရန်ပုံငွေများအား စနစ်တကျ ထိန်းသိမ်းနိုင်ရန်အတွက် လိုအပ်ပါက တာဝန်ယူမှုတာဝန်ခံမှု ပိုမိုအားကောင်းလာစေရန် ဝန်ထမ်းခန့်အပ်မည် ဖြစ်သည်။ ငွေရေးကြေးရေး စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် မူဝါဒများကိုလည်း ကျွန်ုပ်တို့လုပ်ငန်းအဖွဲ့မှ ဦးဆောင် အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

ရက် (၁ဝ) စီမံချက်အတွင်း ဒုတိယအလုပ်ရုံဆွေးနွေးပွဲတစ်ခုအနေဖြင့် ရန်ပုံငွေအဆိုပြုလွှာ ရေးသားခြင်းနှင့်ပတ်သက်ပြီး သင်တန်းပြုလုပ်နိုင်ခဲ့ပါသည်။ အဓိကဆွေးနွေးခဲ့သော အကြောင်းအရာများမှာ ရန်ပုံငွေအဆိုပြုလွှာ ရေးသားရာတွင် လိုက်နာသင့်သည့် ရှောင်ရန်/ဆောင်ရန်များ၊ အလှူရှင်များ၏ သဘောတရားများ၊ အဆိုပြုလွှာနှင့်ပတ်သက်ပြီး ရေးသားရာတွင် မရှိမဖြစ်ပါဝင်ရမည့် အချက်အလက်များ (စီမံချက်နှင့်ပတ်သက်ပြီးထားရှိရမည့် ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ အချိန်ကာလအပေါ်

မှုတည်ပြီး စီမံခန့်ခွဲရမည့်လုပ်ငန်းစဉ်များ၊ လုပ်ငန်းအား စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်းနှင့် အကဲခတ်ခြင်း၊ ငွေရေးကြေးရေး စီမံခန့်ခွဲခြင်း၊ အဆိုပြုလွှာများနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များရယူခြင်းနှင့် မေးမြန်းခြင်း) စသည့် အကြောင်းအရာများအား အသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ အဆိုပြုလွှာရေးသားခြင်းနှင့်ပတ်သက်၍ တိကျရှင်းလင်းပြတ်သားသော နည်းလမ်းများ ရရှိခဲ့ပါသည်။

ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များအနေဖြင့်လည်း တိကျသောအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ကျွန်ုပ်တို့လုပ်ငန်းအဖွဲ့အနေဖြင့် ရေးဆွဲထားပြီးဖြစ်သည်။ အဓိကအားဖြင့် -

(က)ကွန်ရက်အဖွဲ့ဝင်များ၏ စာရင်းအား ပြုစုခြင်းနှင့် အသင်းဝင်ကြေးများကို စီမံချက်ရေးဆွဲကာ ရန်ပုံငွေ ကောက်ခံသွားရန်။

(ခ)ဘုတ်အဖွဲ့ဝင်များနှင့် အခြားလုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့်လည်း ရန်ပုံငွေရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်။

(ဂ) ပထမအကြိမ် ကံစမ်းမဲလက်မှတ်ရောင်းချ၍ ရံပုံငွေရှာဖွေခြင်းလုပ်ငန်း စတင်နိုင်ရန်။

(ဃ) ရန်ပုံငွေအဆိုပြုလွှာများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုလည်း လိုက်လံရှာဖွေရန်နှင့် ကွန်ရက်အဖွဲ့၏ လိုအပ်ချက်များအား ကြိုတင်ပြင်ဆင်ကာ စုဆောင်းထားရန်။

(င)ကွန်ရက်အား အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်နိုင်ရန်အတွက်လည်း လိုအပ်သော အချက်အလက်များအား ကြိုတင်ပြင်ဆင်ကာ ပြည့်စုံအောင်ပြုစုပြီး နေပြည်တော်သို့ သွားရောက်ကာ ဆောင်ရွက်ရန်။

(စ)လုပ်ငန်းအဖွဲ့ဝင်အသစ်များ ဖိတ်ခေါ်ခြင်းနှင့် အဖွဲ့အား ထိရောက်စွာလုပ်ဆောင်နိုင်ရန် စသည်တို့ ဖြစ်ပါသည်။

**<u>ရန်ပုံငွေ စီမံခန့်ခွဲမှုစနစ်</u>**

- ရန်ပုံငွေစီမံခန့်ခွဲမှုဆိုရာတွင် ဦးတည်ချက်များ ပြည့်မီအောင်မြင်ရေးအတွက် ဘဏ္ဍာငွေရင်းမြစ်များအား **စီမံကိန်းရေးဆွဲခြင်း၊ ရှာဖွေထိန်းသိမ်းခြင်း၊ ထိန်းချုပ်စီမံခြင်းနှင့် စောင့်ကြည့် လေ့လာခြင်း** စသော လုပ်ငန်းစဉ်များ ပါဝင်ပါသည်။
- သဘောတူညီချက်များအတိုင်း သုံးစွဲခဲ့သည့် ကုန်ကျစရိတ်များ
- ဘဏ္ဍာငွေများအား အကျိုးရှိထိရောက်စွာ သုံးစွဲမှုအား သေချာခိုင်မာစေခြင်း

- ဘတ်ဂျက်ခွဲဝေမှုနှင့် စာရင်းထိန်းသိမ်းမှုတို့တွင် အရေးပါသည့် တစ်သမတ်တည်းရှိစေခြင်း
- ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အရ ဖြစ်စဉ်ရေးသားဖော်ပြချက်နှင့် ဘဏ္ဍာငွေဆိုင်ရာ အစီရင်ခံတင်ပြမှုများလည်း လိုအပ်သည်
- ငွေကြေးလွှဲပြောင်းမှု၊ ငွေတိုးနှုန်းများနှင့် ငွေလဲလှယ်မှုမှပိုထွက်လာသည်များအား စာရင်းပြုစုထားခြင်း
- စီမံကိန်းအကောင်အထည်ဖော်ရမည့် ကာလသတ်မှတ်ချက်အား အလေးထားလိုက်နာပြီး သွေဖည်မှုများရှိပါက ရှင်းလင်းချက်ပေးခြင်း
- မူလရေးဆွဲထားသည့် ဘတ်ဂျက်ခွဲဝေမှုအား လိုအပ်ပါက ပြင်ဆင်ရေးဆွဲနိုင်ရေးကို ထည့်သွင်းစဉ်းစားထားခြင်း
- ဘတ်ဂျက်ခွဲဝေသတ်မှတ်မှုနှင့် အမှန်တစ်ကယ်သုံးစွဲကုန်ကျမှုများအား ပုံမှန် စောင့်ကြည့်လေ့လာခြင်း
- ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီရေးအတွက် လုပ်ငန်းအဖွဲ့ အသီးသီးအတွက် ကွန်ရက်ချိတ်ဆက်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်အလိုက် ခွဲဝေသတ်မှတ်ပေးထားသော ဘဏ္ဍာငွေများအား စီမံခန့်ခွဲခြင်း
- ငွေစာရင်းစာအုပ် / ငွေလက်ခံဖြတ်ပိုင်းများအား စနစ်တကျ မှတ်တမ်းပြုစုထိန်းသိမ်းထားရှိခြင်း {ငွေကြေးစီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ပေးခြင်း}
- ဘဏ်စနစ်ထားရှိမှုအဖြစ် ပူးတွဲစာရင်း-A (သို့မဟုတ်) ပူးတွဲစာရင်း–B
- ဘဏ္ဍာငွေစီမံခန့်ခွဲမှုနှင့် စီမံရေးရာကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးဝန်ထမ်းတစ်ဦး [အချိန်ပိုင်း] ခန့်အပ်ခြင်း
- လိုအပ်သော ပြုပြင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအား ဒါရိုက်တာဘုတ်အဖွဲ့သို့ တင်ပြခြင်း
- လုပ်ငန်းအဖွဲ့များ၏ လစဉ် ဘဏ္ဍာရေးအစီရင်ခံစာကို စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ထံသို့ တင်ပြခြင်း
- ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှုနှင့် စာရင်းစစ်ဆေးမှု အစီရင်ခံစာများကို လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ခြင်း

## အခန်း ၁၀ - ကွန်ရက်အတွက် လတ်တလော လိုအပ်ချက်များနှင့် အနာဂါတ် လုပ်ငန်းစဉ်များ အတွက် အကြံပြုချက်များ



Figure 6 The network was launched with 200 members, representing each State and Region in Myanmar

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်များအတွင်းက ကွန်ရက် အမြောက်အမြား ပေါ်ထွက်လာခဲ့ကြပြီး ပြန်လည် ပျောက်ကွယ်သွားခဲ့ကြသည်။ ထိုကဲ့ သို့ဖြစ်ရခြင်း၏ အခြေခံ အကြောင်း တရားများ အနက် အဓိက တစ်ခုမှာ အဆိုပါ ကွန်ရက်များကို ဒေသခံလူထုက ပိုင်ဆိုင်ချုပ် ကိုင်ထား နိုင်ခြင်း မရှိကြသော ကြောင့် ပင်ဖြစ်သည်။ ဤဥပဒေအထောက် အကူပြုကွန်ရက် ပေါ်ပေါက်လာ ရေးအတွက် ဒီဇိုင်းရေးဆွဲခြင်း၊ ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်သည့် အခါတွင်လည်း Namati အနေဖြင့် အဆိုပါ သင်ခန်းစာများကို အလေးအနက်ထား၍ ထည့်သွင်းစဉ်းစားခဲ့ပါသည်။ ကွန်ရက်အတွက် ယနေ့အချိန် အထိ ရရှိခဲ့ပြီးသည့် ရလဒ်များအား ပြန်လည်သုံး သပ်ကြည့်ပါကလည်း နိုင်ငံသားများ ကသာ အပြည့်အဝပိုင်ဆိုင်ထားသည့် ကွန်ရက်တစ်ခုအဖြစ် ပေါ်ပေါက်ခဲ့သည်ဟု ယုံကြည်ပါသည်။ သာဓကပြရလျှင် ကွန်ရက်အဖွဲ့ကြီး၏ ဦးဆောင်ကော်မတီတွင် တစ်နေရာဝင်ယူပေးပါရန် ကွန်ရက်ခေါင်းဆောင်များက တိုက်တွန်းခဲ့ကြသော်လည်း ဤရာထူးမျိုးမှာ ဒေသခံများနှင့် သာသင့်လျော်သည်ဟု ယူဆထားသဖြင့် Namati က ငြင်းပယ်ခဲ့ပါသည်။ Namati အနေဖြင့် ကွန်ရက်အဖွဲ့အား ကြိုးစားပံ့ပိုးသွားပြီး တက်ကြွသည့်အဖွဲ့ဝင်တစ်ဦးအဖြစ်သာ ရှိနေပါမည်။

ကွန်ရက်အဖွဲ့ ဆက်လက်တည်တံ့နိုင်ရေးအတွက် လတ်တလောလိုအပ်ချက် (၃)ရပ် ရှိနေပါသည်။ ၁) ကွန်ရက်အား ပံ့ပိုးချိတ်ဆက်ဆောင်ရွက်ပေးမည့်သူတစ်ဦးအား ခန့်ထားနိုင်ရေးအတွက် ဘဏ္ဍာငွေ လိုအပ်ချက်။ အဆိုပါရာထူးနေရာတွင် ရောက်လာမည့်သူအတွက် Namati အနေဖြင့် ရုံးခန်းတစ်နေရာစာ ပံ့ပိုးပေးသွားမည်ဖြစ်သော်လည်း ထိုဝန်ထမ်းအား ရွေးချယ်ခန့်ထားခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ကွန်ရက်အဖွဲ့ကသာ လုပ်ဆောင်သွားရမည်ဖြစ်သည်။ ၂) ပြည်တွင်းပြည်ပမှ ရန်ပုံငွေပံ့ပိုးမှုများကို တိုက်ရိုက်လက်ခံရယူနိုင်ရေးအတွက် ကွန်ရက်အဖွဲ့သည် မြန်မာ NGO တစ်ခုအဖြစ်

တရားဝင်မှတ်ပုံတင်ထားဖို့လိုပါသည်။ ထိုလုပ်ငန်းစဉ်ပြီးမြောက်ရေးအတွက် အစိုးရနှင့် MoU တစ်ခု လက်မှတ်ရေးထိုးနိုင်ရန် နေပြည်တော်သို့ အကြိမ်ကြိမ်သွားရောက်ရမည်ဖြစ်ရာ ဘတ်ဂျက်ရှိထားဖို့လိုပါသည်။ ၃) ကွန်ရက်အဖွဲ့ တိုးတက်အားကောင်းလာရေးနှင့် မြန်မာနိုင်ငံအတွင်း ဥပဒေ အထောက်အကူပြုလုပ်ငန်းများ မြင့်မားလာရေးအတွက် ရေးရှုလုပ်ဆောင်မည့် ကွန်ရက်လုပ်ငန်းစဉ် အချို့အတွက်ကိုလည်း ရန်ပုံငွေများ လိုအပ်လျက်ရှိပါသည်။

*တစ်နိုင်ငံလုံးဆိုင်ရာ ဥပဒေရေးရာ အထောက်အကူပြုကွန်ရက် ပေါ်ပေါက်လာအောင် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးခဲ့သောNamati Myanmar နှင့်ကွန်ရက်ကြီးတစ်ခုလုံး သက်ဝင်လှုပ်ရှားလာအောင် စွမ်းစွမ်းတမံ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြသော ကွန်ရက်အဖွဲ့ဝင်များ၊ လုပ်ငန်း အဖွဲ့ဝင်ခေါင်းဆောင်များနှင့် ဘုတ်အဖွဲ့ဝင်များအား အထူး ကျေးဇူးတင်ရှိပါသည်။*

**Annex – 1- Formation of Myanmar National Paralegal Network**

**VISION:**

လူထုအခြေပြုဥပဒေရေးရာအထောက်အကူပြုသူများကွန်ရက်၏မြင့်မားသောစွမ်းဆောင်ရည်ဖြင့်ပြည်သူလူထုအတွင်းတရားမျှတမှုကိုလက်လှမ်းမှီစေပြီးမြန်မာနိုင်ငံတပှမ်းလုံးတရားဥပဒေစိုးမိုးမှုပိုမိုအားကောင်းလာစေရမည်။

**MISSION:**

တစ်နိုင်ငံလုံးဥပဒေရေးရာအထောက်အကူပြုသူများကွန်ရက်ပီပြင်စွာပေါ် ပေါက်လာစေရန်တည်ဆောက်မည်။

- ➢ လူထုအခြေပြုဥပဒေရေးရာအထောက်အကူပြုသူများကိုအသိအမှတ်ပြုလက်ခံလာစေရန်အစိုးရအားတွန်းအားပေးရေး၊
- ➢ ပြည်နယ်/တိုင်းအလိုက် ဥပဒေရေးရာ အထောက်အကူပြု CSOs(ကွန်ရက်/တစ်ဦးချင်း) များနှင့် ချိတ်ဆက် ဆောင်ရွက်ရေး၊
- ➢ လူထုအခြေပြုဥပဒေရေးရာအထောက်အကူပြုသူများစွမ်းဆောင်ရည်မြှင့်တင်နိုင်မည့်အခွင့်အလမ်းများဖန်တီးပေးရေး၊
- ➢ ကွန်ရက်ရေရှည်တည်တန့်ခိုင်မြဲရန်အတွက်ကောင်းမွန်သောစီမံခန့်ခွဲမှုယန္တယားဖြစ်ပေါ် လာရေး၊

**VALUE:**

- ➢ ကျင့်ဂတ်စောင့်ထိမ်းမှု
- ➢ တာဂန်ယူမှု/တာဂန်ခံမှု
- ➢ ပွင့်လင်းမြင်သာမှု
- ➢ ညီညွတ်စွာပူးပေါင်းဆောင်ရွက်မှု
- ➢ အပြန်အလှန်လေးစားမှု
- ➢ စည်းကမ်းလိုက်နာမှု

**OBJECTIVES:**

- ➢ လူထုအတွင်းတရားဥပဒေကိုသိရှိနားလည်လိုက်နာကျင့်သုံးလာပြီးလက်လှမ်းမီလာစေရန်နှင့်တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းလာစေရန်။
- ➢ ဥပဒေအထောက်ကူပြုသူများအချင်းချင်းကွန်ရက်ချိတ်ဆက်ပြီးပူးပေါင်းဆောင်ရွက်မှုရှိလာစေရန်။
- ➢ ဥပဒေအထောက်ကူပြုလုပ်ငန်းဆောင်ရွက်နေကြသူများကိုသက်ဆိုင်သောဌာနဆိုင်ရာများမှအသိအမှတ်ပြုလာပြီးပံ့ပိုးကူညီမှု ပိုမိုရရှိလာစေရန်။

**ACTIVITIES:**

၁။ သက်ဆိုင်သောဌာနဆိုင်ရာများအားအသိပေးဆွေးနွေးခြင်း။ (မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းအဆင့်နှင့် လွှတ်တော်)

၂။ကျစ်လစ်ခိုင်မာတောင့်တင်းသည့်စွမ်းရည်ပြည့်ဂသောကွန်ရက်တစ်ခုဖြစ်ပေါ် လာစေရေးအတွက်လုပ်

ငန်းအဖွဲ့အသီးသီးတို့နှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။
၃။ကွန်ရက်နှင့်ဆီလျော်အပ်စပ်သောမူဂါဒများချမှတ်ထားပြီး၊လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်ခြင်း။ ကွန်ရက်၏စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ဖွဲ့စည်းထားရှိခြင်း။
၄။အဖွဲ့လိုက်စည်းမျဉ်း/စည်းကမ်းများ၊ဘုံသဘောတူညီချက်များဖော်ထုတ်ရေးဆွဲခြင်း။
၅။ကွန်ရက်အားပြည်ထောင်စုအဆင့်တွင်တရားဝင်မှတ်ပုံတင်ထားရှိခြင်း။
၆။အသင်းသားဦးရေတိုးပွါးလာစေရန်ဒေသတွင်းရှိရည်မှန်းချက်တူသည့်အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးလှုပ်ရှားဆောင်ရွက်ခြင်း။
၇။ဦးဆောင်မှုအခန်းကဏ္ဍပိုပြင်စေရေး၊လူငယ်များပါဝင်လာစေပြီးငှင်းတို့အားလေ့ကျင့်မွေးထုတ်ပေးခြင်း။
၈။ကွန်ရက်အတွင်းစီမံခန့်ခွဲမှု၊ဆက်သွယ်မှုစွမ်းရည်များမြှင့်တင်ပေးခြင်း။
၉။ကဏ္ဍအလိုက်သက်ဆိုင်သည့်စွမ်းရည်ဖွံ့ဖြိုးရေးအတွက်ပြင်ပပညာရှင်များအားဖိတ်ကြားဆောင်ရွက်ပေးခြင်း။
၁၀။ကွန်ရက်ရေရှည်တည်တန့်ခိုင်မြဲစေရန်ဆီလျော်အပ်စပ်သောနည်းဗျူဟာများချမှတ်ခြင်း။
၁၁။နိုင်ငံတော်မှ၏ (ကွန်ရက်) အားလည်းကောင်း၊ဥပဒေအထောက်အကူပြုသူများအားလည်းကောင်းအသိအမှတ်ပြုကာအဆင့်တိုင်းတွင်ပူးပေါင်းဆောင်ရွက်မှုပိုမိုရရှိလာစေခြင်း။
၁၂။ခိုင်မာသောရံပုံငွေစဉ်ဆက်မပြတ်ရရှိ၍ကွန်ရက်ယန္တရားပုံမှန်လည်ပတ်နိုင်ခြင်း။

## ယာယီ အဖွဲ့ဝင်ဘုတ်အဖွဲ့ဝင်များ

၁။ဦးတင်မြင့်ဝင်း
၂။ဒေါ်ခင်သန်းထွေး
၃။ဦးမြင့်အောင်
၄။ဦးစိန်ထွန်း
၅။ဦးမင်းဝင်းဗိုလ်

## လက်ရှိပြည်နယ်ဒေသကိုယ်စားပြု ချိတ်ဆက်ဆောင်ရွက်သူများ

၁။ ဦးမင်းဝင်းဗိုလ် (တနင်္သာရီ)
၂။ ဒေါ်ခင်သန်းထွေး (မွန်)
၃။ ဦးမြင့်အောင် (ကရင်)
၄။ ဒေါ်ကေသွယ်မိုး (ဧရာဝတီ)
၅။ ဦး စိန်ထွန်း (မကွေး)
၆။ ဦးချမ်းငြိမ်းမိုး (ရှမ်းမြောက်)
၇။ ဦးထွန်းထွန်းမြင့် (ရှမ်းတောင်)
၈။ ဦးတင်မြင့်ဝင်း (ရှမ်းရှေ့)

**ကွန်ရက်၏စည်းကမ်းချက်များ**

၁။ နိုင်ငံတော်ကချမှတ်ထားသောအသင်းအဖွဲ့ဥပဒေအတိုင်းလိုက်နာကျင့်သုံးရမည်။

၂။ ဥပဒေရေးရာ အထောက်အကူပြုသူများသည် ကျင့်ဝတ်သိက္ခာနှင့်အညီလိုက်နာကျင့်သုံးရမည်။ (နောက်ဆက်တွဲတွင်ဖော်ပြထားပါသည်)

၃။ ကွန်ရက်၏ပုံရိပ်(တန်ဖိုးထားမှု) ကိုထိခိုက်စေမည့်အပြောအဆိုအပြုအမူများကိုရှောင်ကြဉ်ရမည်။

၄။ ပုံမှန်အစည်းအဝေးများတွင်ပါဝင်ဆွေးနွေးရမည်။

၅။ အစည်းအဝေး (၃) ကြိမ် ခွင့်မဲ့ပျက်ကွက်ပါက တာဝန်မှ အလို အလျောက် နုတ်ထွက်ပြီး သားဖြစ်စေရမည်။ (ခွင့်ကို mail ဖြင့်တိုင်ကြားခြင်း)။

၆။ ကွန်ရက်ပျက်စီးရာပျက်စီးကြောင်းရည်ရွယ်ချက်ရှိရှိဖြင့် သင်းခွဲရန်လှုံ့ဆော်ခြင်း ကြံစည်ခြင်း လုပ်ဆောင်ခြင်း မပြုရ။

၇။ ကွန်ရက်လုပ်ငန်း လိုအပ်ချက်အရ ကွန်ရက်၏အခြားလုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် ရာတွင်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်၏ခွင့်ပြုချက်ယူရမည်။

၈။ အဖွဲ့ဝင်များအားလုံးကွန်ရက်မှချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

**<u>ကွန်ရက်အနေဖြင့် ယာယီချမှတ်ထားသော ဥပဒေရေးရာ အထောက်အကူပြုသူများ၏ ကျင့်ဝတ်များ</u>**

၁။ နှုတ်လက်စောင့်စည်းခြင်း။

၂။ လာဘ်ပေးလာဘ်ယူကင်းရှင်းခြင်း။

၃။ တုပဝန်ဆောင်မှုမပေးခြင်း။

၄။ မိမိအမှုသည်အားဦးစားပေးခြင်း။

၅။ သမာသမတ်ရှိခြင်း။(ဘက်လိုက်မှုကင်းခြင်း)

၆။ တရားမျှတမှုဆိုင်ရာပြဿနာများကိုအမှုသည်နှင့်အတူတကွပူးပေါင်းဆောင်ရွက်အဖြေရှာခြင်း။

၇။ အခမဲ့ဝန်ဆောင်မှုပေးခြင်း။

၈။ ပုဂ္ဂိုလ်ရေးနှင့်ပညာရှင်ပီသသောမိမိ၏ဂုဏ်သိက္ခာအတွက်တာဝန်ယူခြင်း။

၉။ တရားဥပဒေဘောင်အတွင်းမှလုပ်ဆောင်ခြင်း။

၁၀။ အသင်းအဖွဲ့စိတ်ဓါတ်ဖြင့်လုပ်ဆောင်ခြင်း။

၁၁။ မိမိအကျိုးစီးပွားအတွက်ရည်ရွယ်ပြီးမလုပ်ဆောင်ခြင်း။

၁၂။ စွမ်းဆောင်ရည်မြှင့်တင်ခြင်း။

၁၃။ အမှု၏လိုအပ်ချက်အရ အချိန်နှင့်တပြေးညီဆောင်ရွက်ပေးခြင်း။

**<u>ကွန်ရက်အနေဖြင့် လက်ရှိအဆိုပြုထားသော ဥပဒေရေးရာအထောက်အကူပြုသူများ၏ စံသတ်မှတ်ချက်</u>**

1. ရေးတတ်ဖတ်တတ်သူဖြစ်ရမည်။
2. စဉ်ဆက်မပြတ်လေ့လာသင်ယူလိုသောဆန္ဒရှိသူဖြစ်ရမည်။

3. ဥပဒေရေးရာအထောက်အကူပြုအလုပ်ကိုစိတ်ဝင်စားပြီး ရိုးသားကြိုးစားသူဖြစ်ရမည်။
4. ဥပဒေနှင့်ငြိစွန်းနေသူမဖြစ်ရ။
5. နိုင်ငံရေးပါတီမှဖြစ်လျှင် ပါတီတွင် တာဝန်ရှိသူ မဖြစ်စေရ။
6. တရားဥပဒေစိုးမိုးမှု နှင့် တရားမျှတမှုကိုစိတ်အားထက်သန်သူဖြစ်ရမည်။

တစ်နိုင်ငံလုံးဆိုင်ရာ ဥပဒေအထောက်အကူပြုသူများကွန်ရက်နှင့် ချိတ်ဆက်လိုပါက အောက်ပါအင်တာနက်နှင့် Facebook လိပ်စာများသို့ ဝင်ရောက်ဆက်သွယ်နိုင်ပါသည်။

Website: http://www.myanmarnationalparalegal.net/

Facebook: https://goo.gl/QSi6dZ